ဟံသာဝတီ စာအုပ်စဉ် နံပါတ်-၃၈၇။

# ဥတ္တမင်္ဂဝိနိစ္ဆယဋီကာ။

ဓနုဖြူမြို့ ညောင်ချောင်းဆရာတော်
အရှင်ဥာဏဝံသမဟာထေရ်
စီရင်တော်မူသည်။

၁၁

ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်။
ရန်ကုန်မြို့။

၂၄၈၄။ 1940 ၁၃၀၂။

ကြကျမ်း

၏

ဂန္ဓါရမ္ဘဂါထာ၌

.အဟံ-ဟူသောပုဒ်ကို၊ငါသည်-ဤသို့

ယောဇနာရာ၌၊သိရန်ဆန်းကြယ်၊အဓိပ္ပာယ်ကား။

ဤ

[ ဥတ္တမင်္ဂပိနိဿယဋီကာ ]

ကို

ပြုရ၊

ရေးသားသူ-ကတ္တားကား

ဓနုဖြူမြို့နယ်-ညောင်ချောင်း-ရွာ၌၊

သိတင်းသုံးနေသော

ဘွဲ့မည်အားဖြင့် [ဦးဉာဏဝံသ] ကိုယ်တော်ဟူလို။

ဤကား၊အဟံ-ဟူသောပုဒ်၌၊သိရန်ဆန်းကြယ်အဓိပ္ပာယ်။

ရန်ကုန်မြို့။

ဆူးလေဘုရားလမ်း။

ဟံသာဝတီသတင်းစာတိုက်။

၁၉၀၂-ခုနှစ်။

307—I

[ တောင်းပန်သူ- အဘိယာစက- ဒါယကာတို့- စာရင်း ]

| [လူမည်] | | [အလုပ်] | [နေရပ်] |
|---|---|---|---|
| ဦးညိုဖံ | ... | အငြိမ်းစားတိုက်သူကြီး | ဆကာကြီး |
| မောင်ဘိုးလှ | ... | ငွေတိုက်ဝန်ထောက် | မအူပင် |
| ဦးရိုး | ... | အခွန်ဝန် | ၎င်း |
| ဦးရူ | ... | အမိန့်တော်ရရှေ့နေ | ၎င်း |
| ဦးချက် | ... | ၎င်း | ၎င်း |
| ကိုသာမိုး | ... | စာရေးကြီး | ၎င်း |
| ဦးရွှေသောင် | ... | ရောဝတီ-ကိုယ်စလည် | ဓနုဖြူ |
| မောင်ဘဘော | ... | စာရေးကြီး | မအူပင် |
| မောင်ဘောဘ | ... | ၎င်း | ၎င်း |
| ဦးရွှေလှ | ... | အမိန့်တော်ရရှေ့နေ | ကျိုက်လပ် |
| ဦးဖလ် | ... | ကုန်သည် | မအူပင် |
| မောင်စံခွန်း | ... | ၎င်း | ဓနုဖြူ |
| မောင်ဘိုးစံ | ... | ၎င်း | မအူပင် |
| မောင်စံဘော | ... | တိုက်စာရေး | ဆကာကြီး |
| မောင်ဘိုးသောင် | | အမိန့်တော်ရရှေ့နေ | မအူပင် |
| မောင်ရွှေတု | ... | တိုက်သူကြီး | ပြင်ဒရယ်တိုက် |
| မောင်ရွှေသောင် | ... | ရှေ့နေ | ဒေးဒရဲ |
| မောင်သာအောင် | | ရှေ့နေ | ၎င်း |
| မောင်သာမြတ် | ... | ရာဇဝတ်အုပ် | ၎င်း |
| မောင်ပွါး | ... | တိုက်သူကြီး | သာပေါင်းမြို့ |
| မောင်ထွန်းလှ | ... | နယ်လှည့်ဆရာ | ၎င်း |
| ဦးဘိုးနွယ် | ... | အငြိမ်းစားပညာဝန်ထောက်- | ပုသိမ်မြို့ |
| မောင်သိန်းမောင် | | တရားမြို့အုပ် | မိတ္ထီလာမြို့ |

[ ဥတ္တမဂ်ဝိနိစ္ဆယဋီကာ ]

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ

မဿု ဓာရံ ဝရံ နှ တွာ
မဿု ဓာရိတလက္ခဏံ
မဿု ဟံဒါနိလိက္ခိဿံ
မဿု ဒုမ္ဗိညူ နံ အဂူ

အဟံ။ငါသည်။မဿုဓာရံ။မုသ်ဆိတ်ကျင်စွယ်ဓွားတော်မူ ထသော။ ဝရံ။ ချာကြီးလူမျိုး၊ တံခိုး ထင်ရှား၊ မြတ်ဘုရားကို။ နှတွာ-နမာမိ။ ကုလားချာကြီး၊ ရှိခိုးနည်းဖြင့်။ဝါ။ ခြေလက်စ သား၊အင်ရှစ်ပါးဖြင့်။ဝါ။ကိုယ်ကိုဝမ်းလျား၊ မှောက်သောအား ဖြင့်၊ညွတ်တွားကြည်ယုံ၊ရှိဦးပုံ၏။ှ တွာ။ဦးပုံပြီး၍။ မဿုဓာရိ တလက္ခဏံ၊မုသ်ဆိတ်ကျင်စွယ်၊ ဓွားအပ်သောလက္ခဏာကို။ ဒါနိ။ယ္ခုမြဆွ၊ ပြင်းခုံကြသောကာလ၌။အဿု-ဧကန္တံ။ ဆဲသံမ ပါ၊မှန်စွာစင်စစ်။ လိက္ခိဿံ။သာခကေပါဋ္ဌ၊ အရပ်ရပ်ဖြင့်၊ မှတ် လောက်စရာ၊ရေးပြပါအံ့။ဒုမ္ဗိညူနံ။ မာန်တံခွန်ထူ၊ ဒုမ္ဗိညူတို့၏။ ဟာဒယော။အရောင်မဲမဲ၊ ဟာဒယ၌။ အဂူ။ ဒေါသလွန်ပွါး၊အကု သိုလ်တရားတို့သည်။ မဿု-အာမဿု။ သတိယွင်းလစ်၊မဖြစ် ပါကုန် လင့်။ ။ဤ သိလောက် ၌။ ဟာဒယေ- ကား။ ပါဠ္ဌ သောသ်။ ။

☞ (၁) နတ္တာ-ဟူသောပုဒ်ကို။ ကုလားချာတြီး၊ ရှိခိုးနည်း
ဖြင့်။ဤသို့ယောဇနာရာ၍၊သိရန်ဆန်းကြယ်အဓိပ္ပာယ်ကား။ယွ၊
ကာလ၊သပ္ပုရိသုပနိဿယကို၊ ကောင်းမွံစွာမရကြကုန်သော၊
မန္ဒပုဂ္ဂိုလ်တို့၏ရှိခိုးပုံအာကာရကဲ့သို့၊လက်နှစ်ဘက်ကို၊ကြမ်း
ထက်၌တင်ခါမျှဖြင့်၊ဦးချရှိခိုးလိုသည်မဟုတ်၊ မဇ္ဈိမတိုင်းသား၊
ချာတြီးကုလားတို့ကဲ့သို့၊ ယဉ်ကျေးသော ရှိခိုးပုံနည်းနယကို၊
ဘော်ပြလိုသည်။ ။အသျှင်၊ ချာတြီးကုလားတို့၏ ယဉ်ကျေး
သော ရှိခိုးပုံကား အသို့နည်းဟု ရုဒ်ရှိပြန်၍။ ဝါ။ ခြေ-လက်စ
သား၊ အင်္ဂရှစ်ပါးဖြင့်။ ဤသို့ယောဇနာရပြန်သည်။ အင်္ဂရှစ်ပါး
ဟူသည်ကား။ ။ပါဒဟတ္ထဇာနူဥရ၊ သိရသာ စက္ခုနာ တ
ထာ၊ ဝစသာမနသာစေဝ၊ ပဏာမော္ဌင်္ဂ မုစ္စတေ။ ။ဟူ
သော၊ ထောမနိဓိအဘိဓာန်။ ပြဏာမ-ပဒတ္ထဘွင့်ပြအပ်သည်
နှင့်အညီ။ ခြေ-လက်- ပုဆစ်- ရင်- ဦးခေါင်း- မျက်စိ- နှုတ်-
စိတ်-ဤ အင်္ဂါရှစ်ပါးကိုယူ။ ။အသျှင်၊ ဤအင်္ဂါရှစ်ပါးဖြင့်၊
ရှိခိုးပုံအာကာရကားအသို့ပါနည်းဟုရုဒ်ရှိပြန်၍။ ဝါ။ ကိုယ်ကို
ဝမ်းလျား၊ မှောက်သောအားဖြင့်၊ ညွတ်တွားကြည်ယုံ၊ ရှိခိုးပုံ
၏။ ဤသို့ယောဇနာရပြန်သည်။ ။ဤခဲ့သို့ရှိခိုးပုံကို၊ အပ္ပသု
တ-မန္ဒပုဂ္ဂိုလ်တို့ကြားပြန်က။ မနေသာထင်ထင်၊ မသက်ဝင်ဘဲ၊
ပြုံဘင်စကာ၊ ကုလားကိုလွန်မြှော်စား သည်ဟု၊ ပြောကြား
ကဲ့ခဲ့ကြ ပေလိန့် မည်။ အကြောင်း ကိုဆိုမူ၊ ရန်ကုန်မြို့- ကုန်း
တော်ပေါ်၌။ မဇ္ဈိမ တိုင်းသား၊ ယဉ်ကျေး သော ကုလားတို့
သည်။ ဝမ်းလျားမှောက်ချုံ၊ မိချောင်းတို့ဦးခိုက်ပုံကဲ့သို့၊ ကြည်
ယုံမြဘ်နိုး၊ရှိခိုးသောအခါတို့၌။ပေါင်းများစွာမြန်မာတို့က၊ယဉ်
ကျေးသောဝန္ဒနာကိုပင်၊ရယ်ဘွယ်ရာထင်မှါး၍။တဟားဟား၊
တသောသောနှင့်၊ ရယ်မောခါနေကြသည်များကိုလည်း၊ ဒိဋ္ဌ
တွေ့မြင်ရဘူး ပေသည်။ စင်စစ်မူကား၊ ရယ်မောအပ်သည်မ
ဟုတ်ပေ။ လက်ပစ်ကို ဖွဲ့တီး ၍၊ အံ့ဩ ထောမနာ စရာ သာ၊
ကောင်းလှ ပေသည်။ အဘဲ့ကြောင့်နည်းဟူမူ၊ ထိုလူမျိုးတို့၏

ရှိခိုးပုံနည်းနယသည်၊ ကြဏ်းဂန်ဒေသနာတော်နှင့် လွန်စွာညီ ညွတ်လှသောကြောင့်တည်း။ ညီညွတ်ဟံသာဓကကား။ ။ ရာဇာ-သံသုမာရပဒိုတေန၊ ထေရံဝန္ဒန္တော နာဂတံ အယျာသ- အရဟတ္တံဝန္ဒာမိ၊ ပုထုဇ္ဇနေပနဒ္ဓတွာ ရက္ခိတသီလ မေဝဝန္ဒါ မိတိ့အာဟ။ ။သီလကျွံအဋ္ဌကထာ။ ၁ဝ်း၊ ဇော-အင်္ဂါ။ အ နက်ကား။ ။ရာဇာ။ တိသ-အမည်ရှိသောမင်းကြီးသည်။ သံသုမာရပဒိုတေန။ မိချောင်းအလား၊ ပြားပြား မှောက်စင်း၊ တုပ်ဝပ်ခြင်းဖြင့်။ထေရံ။သင်္ဃဝသ-မထေရ်ကြီးကို။ဝန္ဒန္တော။ ရှိခိုးလျက်။ အဟံ။အကျွန်ုပ်သည်။ အယျာသ။ အသျှင်၏။အရ ဟတ္တံ။ အရဟတ္တဖိုလ်ကို။နဝန္ဒါမိ။ ရှိမခိုးပါ။ ပန။ထိုသို့ပင်အရ ဟတ္တဖိုလ်ကိုရှိမခိုးသော်လည်း။ ပုထုဇ္ဇနေ။ ပုထုဇ္ဇာန်၏အဖြစ် ၌။ဌတွာ။ဌိုင်၍။ ရက္ခိတသီလမေဝ။ စောင့်ရှောက်သောသီလ ကိုသာလျှင်။ဝန္ဒါမိ။ရှိခိုးပါ၏။ ဣတိ။ဤသို့။ အာဟ။မထေရ်၏ ဏား၊ အသံသွားအောင်၊ မြွက်ကြား သံချို၊ တင်လျှောက် ဆို ၏။ ။ဤကားအနက်။ ။မထေရ်၏ဏား၊ အသံသွားအောင်။ ဤသို့ယောဇနာခြင်းကား(အသောသိတိ-သုဏ်။သောတဒွါရံ [ သမ္ပတ္တ ] ဝစနနိဃ္ဃောသာနုသာရေနအညာသိ) ဟူသော ပါ ရာဇိကဏ်အဋ္ဌကထာ၊ဝေရဥ္ဇကဏ္ဍာဘွင့်နှင့်အညီ၊ သဒ္ဒရုပ်ကို၊ သမ္ပတ္တာရုမ်ထင်အောင်ယောဇနာလိုက်သည်။ ။ဥပါသိကာ ပသိဒ္ဓတွာ၊ ပုတ္တေန၊ ဂတဒိသာဘိမုခေါ၊ ဥရေနနိပ္ပဇ္ဇိတွာ၊ န မဿမာနာ၊ အာဟ။ ။သာရတ္ထသင်္ဂဟာ။၁ဝ်း။ဂီ-အ။င်္ဂါ။ ။ဝိ သုဒ္ဓိမဂ်၌ လည်း ဤနည်း အတူ၊ ပြဆို တော် မူသည် အနက် ကား။ ။ဥပါသိကာ။ သိတင်းသည်ဥပါသိကာမသည်။ ပသိ ဒ္ဓတွာ။ကြည်ညို၍။ပုတ္တေန။သားရဟန်းသည်။ ဂတဒိသာဘိမု ခေါ။သွားရာအရပ်သို့ရှေးရှု။ ဥရေန။ရင်ဖြင့်။ နိပ္ပဇ္ဇိတွာ။ ဇိပ်၍။ ဝါ။ဝမ်းလျားမှောက်၍။နမဿမာနာ။ရှိခိုးလျက်။ အာဟ။သား ၏ကျေးဇူး၊ ဂုဏ်အထူးကို၊ ချီးကျူးသံချို၊ မြွက်ဟဆို၏။ ။ ဤကားအနက်။ ။ဤသို့ ကိုးပြအပ်သော၊ အဋ္ဌ ကထာပါဠိ၊

စကားရပ်တို့ဖြင့်။ နိတတ်ထင်ရှားလှခဲ့ရကား။ တိဿ-အမည်ရှိသောမင်း။သိတင်းသည်ဥပါသိကာမတို့၏၊ ဝမ်းလျားမှောက်ရှိခိုးပုံကို၊တွေ့မြင်ရသဖြင့်၊ဆိုခဲ့ပြီးသောထိုလူမျိုးတို့ရှိခိုးပုံနည်းနယအတိုင်း၊ကိုယ်ကိုဝမ်းလျား၊ မှောက်သောအားဖြင့်၊ယှုငါရှိခိုးခြင်းကိုလည်း၊ ကြားကြားသမျှသော ပဏ္ဍိတသူမွန်တို့၊ အသွန်ပင် ခြီးမွမ်းအပ်ပေစွသကား။ ထို့ကြောင့်၊ တိဂုဏ်စေတီစသော၊စေတီတော်ကြီးများကိုရှိခိုးကြသောကာလတို့၌၊ ငါတို့မြန်မာလူမျိုးများကလည်း။ဥက္ကုဋိက-ပဉ္စပတိဋ္ဌိတ-ပဒက္ခိဏာ-ဝန္ဒနာကာရတို့တွင်။ ဝမ်းလျားမှောက် ရှိခိုးခြင်း သည်လည်း၊ ယဉ်ကျေးသော ရှိခိုးခြင်းပါသကားဟု။ မဇ္ဈိမ တိုင်းသား၊ ချာကြီးကုလားတို့၏၊ အတုကို၊ ကြပ်ကြပ်ကြီး ဂရုပြု၍၊ လိုက်နာရှိခိုးစရာကောင်းလှပေသည်၊ ဝမ်းလျားမှောက်၍ ရှိခိုးကြပါဟုလို။ ။ဤကား၊နတ္တာ-ပုဒ်၌။သိရန်ဆန်းကြယ်အဓိပ္ပာယ်။ ။

---

☞ (၂) ဝရံ-ဟူသော ပုဒ်ကို။ ချာတြီးမျိုး၊ တံခိုး ထင်ရှား၊ မြတ်ဘုရား ကို။ ဤသို့ ယောဇနာရာ၌၊ သိရန် ဆန်း ကြယ် အဓိပ္ပာယ်ကား။ ကပ္ပါဒိက၊ ကမ္ဘာစမှ၊ဆင်းသက်၍ လာကြကုန်သောလူမျိုးတို့သည်။ ။ဝဏ္ဏာခတ္တိယာဒယော။ ။ဟူသောအဘိဓာန်။ ။ခတ္တိယာဒယော၊ ခတ္တိယ-ဗြဟ္မဏ- ဝေဿ-သုဒ္ဒါစတ္တာရော ဝဏ္ဏာ-ကုလာနိ ဘဝန္တိ။ ။ဟူသော ရင်းဋီကာတို့နှင့်အညီ။ ခတ္တိယ-ဗြဟ္မဏ-ဝေဿ-သုဒ္ဒ-အားဖြင့်လေးပါးအပြားရှိ၏။ထိုလေးပါးသောလူမျိုးတို့သည်၊အဘယ်အရပ်ဒေသတို့၌ဖြစ်ထွန်းပါသနည်းဟူမူ။ ။ဗျဝတ္ထာစတုဝဏ္ဏာနံ၊ ယသ္မိံ ဒေသေနုပိဋ္ဌတော၊ မိလက္ခ ဒေသော သောဝုတ္တော၊ မဇ္ဈဒေသော၊တတောပရံ။ ။ဟူသောရင်းဋီကာပါဌ်ဖြင့်၊ လူမျိုးလေးပါးတို့၏ဖြစ်ထွန်းသောနေရပ်ကိုသိအပ်၏။ ။အနက်ကား။ ။ယသ္မိံပဒေသေ။အကြင်ပစ္စန္တအရပ်၌။စတုဝဏ္ဏာနံ။ လူမျိုး လေးပါးတို့၏။ဗျဝတ္ထာ။ပိုင်းခြားခြင်းသည်။ နုပိဋ္ဌတော။

ထင်ရှားမရှိ။ သောပဒေသော။ ထိုပစ္စန္တအရပ်ကို။ မိလက္ခဒေ
သော။မိလက္ခုတို့အရပ်ဟူ၍။ဝုတ္တော။ဆိုအပ်၏။အပရံ။ တပါး
သောလူမျိုးလေးပါး ထင်ရှားရှိသောအရပ်ကို။ မဇ္ဈဒေသော။
မဇ္ဈိမအရပ်ဟူ၍။ဝုတ္တော။ဆိုအပ်၏။ ။ဤကားအနက်။ ။
အဓိပ္ပာယ်ကား၊ ခတ္တိယ စသော လူမျိုး လေးပါးတို့၏ နေရပ်
သည်။တကောင်း-ပေါက္ကံ-စသောအရပ်များကို၊ မဆိုလို (နဝ
ယောဇနသတပရိက္ခေပေါမဇ္ဈိမဒေသော)ဟူသော၊ ဋီကာ
နှင့်အညီ။အဝန်းယူဇာ(၉၀၀)ရှိသော။ အရှေ့-ဇင်္ဂလနိဂုမ်း။ အ
ရှေ့တောင်-သလ္လဝတီမြစ်။ တောင်-သေတကဏ္ဏိက နိဂုမ်း။
အနောက်-ဗြာဟ္မဏရွာ။မြောက်-ဥသိရဒ္ဓဇတောင်။ ၎င်းနယ်
နိမိတ်တို့ဖြင့်ပိုင်းခြားအပ်သော။ ။တနည်းလည်း။အရှေ့-ဝိ
နာသနနိဂုမ်း၊အနောက်-ပရောဂဆိတ်။မြောက်-ဟိမဝန္တာပဗ္ဗတ။
တောင်-ဝိန္ဓျပဗ္ဗတ။ ၎င်းနယ်နိမိတ်တို့ဖြင့် ပိုင်းခြားအပ်သော။
လက္ခနော-ဗိဇာဗဒ်- ကာန်ပူရ-ရမ်ပူရ- အစရှိသော၊ ကုလား
တိုင်းနိုင်ငံကြီးကိုသာ၊ မဇ္ဈိမဒေသ-လူမျိုးကြီး လေးပါးတို့ဖြစ်
ထွန်းရာအရပ်ဟုမှတ်။ ။မဇ္ဈိမတိုက်ဖွဲ့နည်း၌။ရှေ့နည်းကား၊
သုတ်အဋ္ဌကထာအလို။ နောက်နည်းကားအမရကောသဋီကာ
အလို။ ။ဤသို့၊မဇ္ဈိမဒေသ၊ကုလားတိုင်းနိုင်ငံကြီးကို၊လူမျိုးကြီး
လေးပါးတို့-နေရပ်ဟု၊ သိအပ်သဖြင့်။ ငါတို့ဘုရားကိုယ်တော်
မြတ်သည်လည်း။အိန္ဒိယ-အနောက်မြောက်နယ်ဝင်။ ယူ-ပီ-တိုင်၊
ချာတြီးဘုရင်တို့သာလျှင်၊စိုးရင်စိုးကွပ်ရာဖြစ်သော၊ နီပါလ-နိုင်
ငံ၏အနီး၊ ကပိလဝတ်-ခေါ်သော၊ကုလား နိုင်ငံကြီးသား ဖြစ်
တော်မူခဲ့ရကား။ လူမျိုးလေးပါးတို့တွင်၊တပါးပါးသောလူမျိုး၌
ဖြစ်ရာ၏။ လူမျိုးလေးပါးဟူသည်အလုံးစုံ ကုလားလူမျိုးချည်း
ပင်။သို့ဖြစ်၍ငါတို့မြတ်စွာဘုရား၏လူမျိုးတော်သည်။ အကျဉ်း
အားဖြင့်၊သီဟဟနုမင်းမှစ၍၊အဘယ်ကုလားမျိုး၌ဖြစ်သနည်း
ဟူမူ။ ။သုဒ္ဓေါဒနောဓောတောဒနော၊ သက္ကောဒနောစခတ္တိ
ယော။ ။ဟူ၍၎င်း။ ။သုဒ္ဓေါဒနောနာမရာဇာ၊နဂရေကပိ

လဇ္ဇယော၊ သီဟာဘာနုယာယံပုဗ္ဗော၊ ရဇ္ဇံကာရေသိခတ္တိယော။ ။ ဟူ၍ရင်း၊ ပြဆိုအပ်သော ဒီပဝင်ဂါထာ၊ လာရှိသည်နှင့်အညီ။ သုဒ္ဓေါဒန-မင်းနှင့်တကွ သုဒ္ဓေါဒန-ဓောဒေါဒန-သက္ကောဒန-သုက္ကောဒန-အမိတောဒန-ဟုဆိုအပ်သော သီဟဟနုမင်း၏ သား၊ ဩဒနငါးယောက်တို့သည်၊ ခတ္တိယ ကုလသားလူမျိုးဖြစ်ကြောင်း ထင်ရှား၏။ ရင်းခတ္တိယသုဒ္ဓေါဒန မင်း၏ ရင်သွေးတော်သိဒ္ဓတ္ထမင်းသား၊ ငါတို့မြတ်စွာဘုရားသည်လည်း၊ ဥက္ကာကမင်း၏ သားတော်ဆက်မှစ၍၊ နှစ်မကိုပင်တောင်ညာတင်၍၊ နွယ်ဝင်မျိုးဆက်၊ ဇာတ်မပျက်ရအောင်၊ ရက်ရက်ရောရော၊ ပြုနိုင်သော ဂုဏ်သဘောဝ်းကြောင့်၊ သကျဟူသော မည်နာမံကို၊ တချီးလုံးခံယူတော်မူသာပြီးမှ၊ အရိမဒ္ဒန-ပေါက္ကံစသော၊ ပစ္စန္တဒေသသား၊ မြန်မာခေါ်မျိုးတပါးနှင့်၊ အဘယ်မှာ၊ စပ်လျှား၍။ က-ဗျား-ဖြစ်နိုင်တော့ မည်နည်း၊ ခတ္တိယ လူမျိုးဟူ၍ပင် ဝန်ခံတော်မူပေသိနိမည်။ ထို့ကြောင့်မဟာဘ်လော၊ သုတ်မဟာဝါပါဠိတော်၊ ပုဗ္ဗေနိဝါသကထာ၌။ ။ကကုသန္ဓောဘိက္ခဝေအရဟံသမ္မာသမ္ဗုဒ္ဓေါ၊ ဗြာဟ္မဏောဇာတိယာအဟောသိဗြာဟ္မဏကုလေ ဥဒပါဒိ။ လ။ အဟံဘိက္ခဝေ ဧတရဟိ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ခတ္တိယော ဇာတိယာ အဟောသိ၊ ခတ္တိယ ကုလေ ဥပ္ပန္နော။ ။ဟူ၍ခတ္တိယလူမျိုး ဖြစ်ကြောင်းကို ဝန်ခံတော်မူသည်၊ အနက်ကား။ ။ဘိက္ခဝေ။ တို့။ ကကုသန္ဓော။ ကကုသန် အမည်ရှိသော။ အရဟံသမ္မာသမ္ဗုဒ္ဓေါ။ သည်။ ဇာတိယာ။ ဇာတ်အားဖြင့်။ ဗြာဟ္မဏော။ ဗြာဟ္မဏဇာတ်သည်။ အဟောသိ။ ဖြစ်ပြီ။ ဗြာဟ္မဏကုလေ။ ဗြာဟ္မဏမျိုး၌။ ဥဒပါဒိ။ ဖြစ်ပြီ။ ဘိက္ခဝေ။ တို့။ ဧတရဟိ။ ယခုအခါ၌။ အဟံ-အရဟံသမ္မာသမ္ဗုဒ္ဓေါ။ ငါဘုရားသည်။ ဇာတိယာ။ ဇာတ်အားဖြင့်။ ခတ္တိယော။ ခတ္တိယဇာတ်သည်။ အဟောသိ။ ဖြစ်၏။ ခတ္တိယကုလေ။ ခတ္တိယမျိုး၌။ ဥပ္ပန္နော။ ဖြစ်၏။ ။ ဤကားအနက်။ ။ဤသို့ခတ္တိယလူမျိုးဟု၊ ဝန်ခံတော်မူသောကြောင့်။ လူမျိုးလေးပါးကို၊ မာဂဓဝေါဟာရအားဖြင့်၊ ခတ္တိယ-

ဖြပ္ပဏ္ဏာ-ဝေသာ-သုဒ္ဒ။ထိုလူမျိုးလေးပါးတို့၏၊ ဖြာကရိကဝေါ ဟာရခေါ်ဟိန္ဒူဘာသာအားဖြင့်၊ချာတြီး-ဖြပ္ပဏ္ဏာ-ဗိသျှ-ဆူဒြ- ဟု၊ခေါ်ဝေါ်ပညတ်ကြလေသောကြောင့်၊ လောက ဝေါဟာရ အတိုင်း၊ချာတြီး-ဟူ၍ဝင်း။ အလောင်းမင်းသန္ဓေယူအံ့၌။ကြည့် ခြင်းကြီးငါးပါးတွင်၊လူမျိုးကုလကို၊ ကြည့်ရှုရာ၊ ထိုလူမျိုး၏တံ ခိုးကြီး ခြင်းကို မြင်၍၊ သန္ဓေယူသဖြင့်၊ တံခိုး ထင်ရှားခြင်းကို ဝင်း။ပူးပေါင်းယှဉ်တွဲ၍။ချာတြီးမျိုး၊ တံခိုးထင်ရှား၊ မြတ်ဘုရား ကို။ ဤသို့ယောဇနာခဲ့သည်။ ချစ်တီး-ဟုဘာသာသဲသောသူတို့မှာ၊ ဆံတော်ကို၊ ပယ်ရလ္လုန့်ဖြစ်၍၊ ခေါင်းတုံးနှင့်၊ မဆန့် ရအောင် ဥာဏ်ကြီးပါလေ။　　။ဤကား၊ဝရံ-ဟူသောပုဒ်၌၊သိရန်ဆန်း ကြယ်အဓိပ္ပာယ်။　　။

---

☞ (၃) မသာခရံ- ဟူသော ပုဒ်ကို။ ရသ်ဆိတ်ကျင်စွယ် ရွှားတော်မူထသော၊ ဤသို့ဘုရား ကိုယ်တော်မြတ်ကို၊ ဝိသေ သ-ယောဇနာရာ၌ သိရန် ဆန်းကြယ် အဓိပ္ပာယ်ကား။　　။ အညောဗောဓိသတ္တာသ ကေသေဆိန္ဒိတုံ ယုတ္တာရူပေါနတ္ထိ၊ တ တော၊သယမေဝ၊ ခဂ္ဂေန၊ဆိန္နိသာသမိတိ၊ဒက္ခိဏောနဟတ္ထေန၊ အသိံ ဂဏှိတွာ၊ဝါမဟတ္ထေနမောဠိယာသဒ္ဓိံ၊ ဈူဠံ၊ ဂဟေတွာ၊ ဆိန္ဒိ၊ကေသာ၊ဒွင်္ဂုလမတ္တာဟုတွာ၊ဒက္ခိဏာတောအာဝဋ္ဋမာနာ၊ သီသံအလ္လီယိံသု၊ တေသံယာဝဇီဝံ၊ တဒေဝပမာဏံ အဟောသိ။မသာစတာဒနုရူပံ၊ပုနကေသမဿုံ၊ ဩဟာရဏကိစ္စံနာမ၊ နာဟောသိ။　　။အပဒါန်အဋ္ဌကထာ။ ၁ဝိ။ ဂေ-အင်္ဂါ။ အနက် ကား။　　။အညော။ တစုံ တယောက်သော သူသည်။ ဗောဓိ သတ္တာသ။ဘုရားလောင်း၏။ကေသေ။ဆံတော်တို့ကို။ဆိန္ဒိတုံ။ ရိတ်ဖြတ်ခြင်းငှါ။ယုတ္တာရူပေါ။ သင့်လျော်လျောက်ပတ်သောသ ဘောဝိသည်။ နတ္ထိ။ မရှိ။ တတော။ ထို့ကြောင့်။ သယ မေဝ။ ကိုယ်တော်တိုင် သာလျှင်။ ခဂ္ဂေန။ သံလျက်ဖြင့်။ဝါ။ ဩဝါရ်- ခေါ်သော၊ဓားမျှောင်ဖြင့်။ဆိန္ဒိသာသမိတိ။ဖြတ်တော့အံ့ဟူ၍(ဤ

၃၆၉

န္ဒ၊သံလျက်ဟူသည်။ ယ္ခုကာလ၊ ဗုဒ္ဓဝင် ကားချပ်များတွင်၊ ဆံတော်ကို၊ပယ်ဟံပြု၍၊ပန်းချီတို့ရေးသားသော။ အဖျား ချွန်ချွန်၊အလယ်ကားကား။ ဤခဲ့သို့ဝက်ထိုးလှံများ



ကိုသံလျက်ဟုမဆိုလို။ ။ခဂ္ဂခဂ္ဂဝိသာဏာတု၊ပလာသာဒေါ စဂဏ္ဍကော။ ။ဟူသော၊ကြံ့သတ္တပါဟော၊ ပရိယာယ် လေးပုဒ်တွင်။ ခဂ္ဂဝိသာဏာ-ပုဒ်၌။ ခဂ္ဂ-သဒ္ဒါသည်၊ သံလျက်ဟူသော အနက်။ ဝိသာဏာ-သဒ္ဒါသည်၊ ဦးချိုဟူသော အနက်။ သံလျက်နှင့် တူသော ဦးချို ရှိသော နိမိတ်ကြောင့်၊ ကြံ့သတ္တဝါကို၊ ခဂ္ဂဝိသာဏာဟု ခေါ်ဆို အပ်ရကား။ ကြံ့ချိုကဲ့သို့၊ အရင်းမှစ၍ အဖျား တိုင် အောင် သွယ် သော။ ကြံ့ချိုကဲ့သို့ ညွတ်ညွတ်ကော့သော။ ။ခဂ္ဂကောသ-စမ္မာဒိမယေ အသိပိဓာနေ။ ။ဟူသော ထောမနိဓိ အဘိဓာန်နှင့်အညီ။ သားရေအိမ်၌ ထည့်သွင်းအပ်သော။ ယ္ခုတိုင်မဇ္ဈိမဒေသ၊ ချာတြီး မင်းတို့ သည် စွဲကိုင် အပ်သော၊ ပြာကရိတဝေါဟာရ အားဖြင့်။ တြဝါရ် - ဟူ၍ ခေါ် ဝေါ် အပ်သော



ဤကဲ့သို့သော သံလျက် ကိုသာ၊ ဆိုလိုသည်ဟုသိစေခြင်းငှါ။ တြ ဝါရ်-ခေါ် သော ဓါးမျှောင်ဖြင့်၊ ဤသို့ယောဇနာလိုက်သည်) ဒက္ခိဏေန၊ဟတ္ထေန။ လက်ျာလက်ဖြင့်။အသိံ။ သံလျက်ကို။ဂဏှိတွာ။ ကိုင်စွဲ၍။ဝါမဟတ္ထေန။ လက်ဝဲလက်ဖြင့်။ မောဠိယာ။ အထည်တသောင်းရှိသော ဦးဘောင်းမကိုဋ်တော်နှင့်။ သဒ္ဓိံ။တကွ (မကိုဋ်သရုပ်ကား (၁၀)အမှတ်၌ထင်ရှားလတ္တံ့)စူဠံ။ ဦးစွန်းကို။ ဂဟေတွာ။ ကိုင်၍။ဆိန္ဒိ။ဖြတ်တော်မူပြီ။ကေသာ။ဆံတော်တို့သည်။ ဒွင်္ဂုလမတ္တာ။လက်နှစ်သစ်မျှ။ဟုတွာ။ဖြစ်၍။ဒက္ခိဏာတော။လက်ျာရစ်အားဖြင့်။အာဝဋ္ဋမာနာ။လည်ကုန်လျက်။သီသံ။ ကေတုမာလာအမည်ရှိသော အသားစုတော်နှင့် တကွသောဦးခေါင်းတော်

သို့။ အလ္လယိ°သု။ကပ်ကုန်ပြီ။ တေသံ။ထိုဆံတော်တို့၏။ ပမာဏံ။ပမာဏသည်။ယာဝဇီဝံ။ အသက်ထက်ဆုံး။ဝါ။ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်တိုင်အောင်။ တဒေဝ ပမာဏံ။ ထိုလက်နှစ်သစ်ပမာဏသည်သာလျှင်။ အဟောသိ။ ဖြစ်ပြီ။မဿုစ။ မုသ်ဆိတ်ကျင်စွယ်တော်သည်လည်း။ တနုရုပ်။ ထိုဆံတော်လက်နှစ်သစ်နှင့်လျော်စွာ။ ဝါ။ ဆံတော်လက်နှစ်သစ်ရှည်သလော့။ အဟောသိ။ဖြစ်ပြီ။ပုန။တဖန်။ဝါ။နှော်ထပ်။ကေသမဿုံ။ ဆံ။မုသ်ဆိတ် ကျင်စွယ်ကို။ ဩဟာရဏ ကိစ္စံနာမ။ ရိတ်ဖြတ်ရခြင်းကိစ္စမည်သည်။နာဟောသိ၊မဖြစ်ပြီ။ ။ဤကားအနက်။ ။

သတိပြုရန်။ ။မြက်လှူသောမောင်စင်ကို၊ထူပဝင်၊အဋ္ဌသာလိနီစသည်တို့၌၊သုဒ္ဓိယေနဒိန္နတိဏမုဋ္ဌိယော၊ဟူ၍ငင်း။သောတ္ထိယေနဒိန္နတိဏမုဋ္ဌိယော၊ဟူ၍ငင်း။ သုဒ္ဓိယ-သောတ္ထိယ၊ ပါဌ်နှစ်မျိုးကွဲလွဲကြသကဲ့သို့။ မရရဇ္ဇဝိလာသနီ အဋ္ဌကထာ သည်လည်း တကြဏ်းနှင့် တကြဏ်းတိုက်ဆိုင်မှု။ မဿု အနုရုပ်။ မဿုတဒနုရုပ်။မဿုစတဒနုရုပ်။ ဤသို့အဖုံဖုံကွဲလွဲကြကုန်၏၊ [ဥတ္တမင်္ဂဝိနိစ္ဆယ] စာတန်းရှိ(က)မရရဇ္ဇဝိလာသနီအဋ္ဌကထာနှင့်။ ယ္ခု(ခ)အပဒါန်အဋ္ဌကထာပါဌ်၊နှစ်ရပ်တို့၏ ကွဲလွဲပုံကား (က)၌၊ ပရမနိသိတ၊မသိဝရံ၊ဂဟေတွာ-ဟုရှိ၏၊(ခ)၌၊ အသိ°ဂဏှိတွာ-ဟုရှိ၏။ငင်းပြင်(က)၌၊ကေသာနံဒွင်္ဂုလမတ္တာ-ဟုရှိ၏ (ခ)၌၊ ကေသာဒွင်္ဂုလမတ္တာ-ဟုရှိ၏။ ငင်းပြင်(က)၌၊တေသံပန ကေသာနံယာဝဇီဝံ-ဟုရှိ၏ (ခ)၌၊ တေသံယာဝဇီဝံ-ဟုရှိ၏။ ငင်းပြင်(က)၌၊ မဿုအနုရုပ်-ဟုရှိ၏၊(ခ)၌၊မဿုစတဒနုရုပ်-ဟုရှိ၏။ သမန္တစက္ခု[ဒီပဏီ၌ကား ငင်းစာပိုဒ်သည် အလျှင်းမပါ၏။(က)၌ပါရှိသော၊ မဿုအနုရုပ်-ပုဒ်ကို (ခ)အဋ္ဌကထာနှင့်အညီယောဇနာမှု။မဿု။မုသ်ဆိတ်ကျင်စွယ်တော်သည်။အနုရုပ်။ ဆံတော်လက်နှစ်သစ်နှင့်လျော်စွာ။ဝါ။ဆံတော်လက်နှစ်သစ်ရှည်သလောက်။ အဟောသိ။ဖြစ်ပြီ။ ဤသို့ယောဇနာအပ်၏၊[ဥတ္တမင်္ဂဝိနိစ္ဆယ]စာတန်း၌ကား။အဟောသိ-ဟူသောကြိယာ

ပုဒ်ကို၊ နှစ်ခါမသုံးသတ် ထိုသောကြောင့်၎င်း၊ ဆံမုတ်ဆိတ်
ကျင်စွယ်တို့၏ အရှည် လက်သစ် ပမာဏ မကွဲလွဲ ကြသော
ကြောင့်၎င်း၊ ဝဋ္ဋိဿာအားဖြင့်၊ ကြွာဝိသေသနပုံ၍ ယောဇနာခဲ့
သည်။ * ။တဒနုရူပံ-ပုဒ်ကို။ ထိုဆံတော်လက်နှစ်သစ်အား
လျော်စွာ။ဝါ။ ဆံတော်လက်နှစ်သစ် ရှည်သလောက်။ ဤသို့
ယောဇနာခြင်းကား။ ။ပက္ကန္တံဝိသယောစေဝ၊ ပသိဒ္ဓဝိသ
ယော တထာ- စသော ဓာလိနီနှင့် အညီ။ တဿာပိ ဝစန်
သုတ္တာ-၌၊ တသဒ္ဒါခဲ့သို့ ပက္ကန္တဝိသယ၊ တ-ဖြစ်သောကြောင့်
၎င်း။ ။အနုရူပ-သဒ္ဒေါ-ဟူသော၊ ထောမနိဓိ အဘိဓာန်
နှင့်အညီ၊ အနုရူပ သဒ္ဒါ၏ သဒိသတ္ထကို ဘွင့်ပြသောကြောင့်
၎င်း။ ဆံတော်မုတ်ဆိတ် ကျင်စွယ်တော်တို့၏၊ အရှည် လက်
သစ်ပမာဏ တူမျှကြောင်းကို။ တဒနုရူပ- ပုဒ်ဖြင့် ထင်ရှားသိ
စေလိုသည်။ ဥဒါဟရုဏ်ဖြင့် ထင်စွာပြအံ့။ ။ကဏ္ဍကော၊
ဂီဝါတောပဋ္ဌာယအဋ္ဌာရသဟတ္ထောဟောတိ [တဒနုရူပေန]
ဥဗ္ဗေဓေန သမန္နာဂတော။(တဒနုစ္ဆဝိကေန-ဟုအချို့။တဒနုရူ
ပ-နှင့် အနက်တူ) အနက်ကား။ ။ကဏ္ဍကော။ ကဏ္ဍက
မြင်းသည်၊ ဂီဝါတော။လည်မှ။ပဋ္ဌာယ ။စ၍။ အာယာမတော။
အလျားအားဖြင့်။ အဋ္ဌာရသဟတ္ထော။ ၁၈-တောင်ရှိ၏။ တ
ဒနုရူပေန။ထိုအလျားနှင့်လျော်သော။ ဥဗ္ဗေဓေန။ အရပ်နှင့်။သ
မန္နာဂတော။ ပြည့်စုံ၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်
ကား။ယခုလောက။ ရထား၌ ကသောမြင်းတို့သည်၊ လည်ကွင်း
စွတ်အပ်သော အရပ်မှ၊ မြီးထူး မြီး ဆစ် အထိ၊ အလျား ၃-
တောင် ရှိလျှင်၊ အရပ်လည်း၊ ၃-တောင်ရှိသကဲ့သို့။ကဏ္ဍက
မြင်းသည်လည်း။ မင်္ဂလာရထားထမ်းပိုးတင်အပ်သော၊ လည်
အရပ်မှစ၍၊ မြီးထူးမြီးဆစ်အထိ။ အလျား၊ ၁၈-တောင်ရှိ၏။
အရပ်လည်း၊ ၁၈-တောင်ရှိ၏။အလျား-အရပ်၊အတောင်ပမာ
ဏတူမျှကြောင်းကို၊ တဒနုရူပ-ပုဒ်ဖြင့်မှတ်။ ဤအတူ ဆံတော်
မုတ်ဆိတ် ကျင်စွယ်တော်တို့၏ အရှည်လက်သစ် ပမာဏတူ

မျှကြောင်းကိုလည်း၊တဒနုရူပ-ပုဒ်ဖြင့်မှတ်ဟူလို။ ။အချို့သော ပုဂ္ဂိုလ်တို့က။ ကဍ္ဍသ္မာမတ္တံဘိက္ခုတဒနုပိယဉ္စဗျဉ္ဇနံ ဒတွာ-ဟူသော ဥဒါဟရုဏ်ကိုထုတ်ပြ၍။ တယောက်ချိုမျှသောဆွမ်းကို ၎င်း၊ ထိုဆွမ်းနှင့် လျော်စွာ သောက်အပ်သော၊ ဟင်းလျာကို ၎င်း၊ ပေးလှူ၍ဆိုရာ၌။ဟင်းမှာဆွမ်းလောက်မများစေရ၊ သင့်လျော်ရုံသာအတိုင်း အရှည်ပမာဏကို သိရသလဲ့သို့။ ဆံတော်နှင့်အလျော်ဆိုသော်လည်း၊ ဆံတော်လက် နှစ်သစ်ရှည်သလဲ့သို့ မရှည်ရဟု၊ တဒနုရူပ-ပုဒ်နှင့်၊ တဒနုပိယ-ပုဒ်ကိုအတူထင်မှား၍ ရေးသား ကုန်၏။ မသင့်၊ အဘဲ့ကြောင့်နည်း ဟူမူ။ အနုပိယ-ပုဒ်သည်၊ သဒ္ဒါအားဖြင့်၊ အနုရူပပုဒ်နှင့် မတူ။ အနက်အားဖြင့်လည်း။ လက်သစ် အတိုင်း အရှည်ပမာဏတွက်ကို၊ ပြသော ပုဒ်မဟုတ် သောကြောင့်တည်း။ အကယ်၍ထိုပုဂ္ဂိုလ်ယူသည့်အတိုင်း။ တဒနုရူပ-ပုဒ်ဖြင့်ဆံပင်ကိုရှည်ရှည်ယူ၍။ ရသ်ဆိတ်ကျင်စွယ်ကို မူကား၊ ဝိသကြုံနတ်သားသည် ဆတ္တာသည် အသွင် ဖြင့် ရိတ်ဖြတ် ပြီးဖြစ်၍။ရေးရေးအဒုတ်သာမံမျှယူခဲ့ပါမူ။ ငါသည်ထုတ် ပြခဲ့သော ဥဒါဟရုဏ်၌။ ကဏ္ဍကမြင်းသည်။ အလျား၊၁၈-တောင်ရှိ၏။အရပ်ကားရေးရေးအဒုတ်မျှဖြစ်သောကြောင့်၊မြင်းသတ္တဝါနှင့်မတူ၊လိပ်ဖြစ်၍ နေမည်ကိုလည်း၊ တဒနုရူပ-ပုဒ်ဖြင့် ဥာဏ်ကြီးပါလေ။ ။တနည်းဥဒါဟရုဏ်ဖြင့်ထင်စွာပြဦးအံ့။ ။ဧဒိသာဟတ္ထိသုပိဏ္ဍာရော[တဒနုရူပါ]ယာသမောဘူမိကဏ္ဍိကော၊ အပ္ပရာဇိတ ပလ္လင်္ကော။ (တဒနုကုလ-ဟုအချို့။တဒနုရူပ-နှင့်အနက်တူ)အနက်ကား။ ။ဧဒိသာဟတ္ထိသုပိဏ္ဍာရော။ ၁၄-တောင်၊အမြင့်အပြန့်ရှိသော။တဒနုရူပါယာသမော။ ထိုနှင့် လျော်သော အလျား ရှိသော။ ဘူမိ ကဏ္ဍိကော။ မြေ၏အချက်အခြာ ဖြစ်သော။ အပ္ပရာဇိတပလ္လင်္ကော။ အပ္ပရာဇိတပလ္လင်တော်သည်။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား၊ ငါသည်အထူး ပြန်ဆိုဘွယ်မရှိ၊ သမန္တစက္ခုဒီပနီ ပထမတွဲ(၂၈၂)နံပါတ်၌ပင်၊ မုံရွေးဇေတဝန်ဆရာတော်

သည် (၁၄-တောင် အစောက်ဆောင်သော၊ ထိုနှင့် သဏ္ဌာန် မကြူးမလွန်သော၊ အနံ့အလျား၊အပြားအထုရှိသော၊ဘုမိကဏ္ဍ မြေဘကာတို့၏ချက်ခြာမှံကင်း၊မြေမင်းဦးစွန်းဖြစ်သော)ဟူ၍။ ပလ္လင်တော်၏၊ အစောက်အနံ့အလျားတူမျှကြောင်းကို၊ တဒနုရူပ-ပုဒ်ဖြင့် ပြန်ဆိုတော်မူသည်။ ဤအတူ၊ ဆံတော် မုသ်ဆိတ် ကျင်စွယ်တော်တို့၏ အရှည်လက်သစ်ပမာဏ တူမျှကြောင်း ကိုသည်း၊တဒနုရူပ-ပုဒ်ဖြင့်မှတ်ဟူလို။ ။တနည်းလည်း။ အနုရူပ-အနုကုလ-အနုစ္ဆဝိက-ဟူသော ပရိယာယ်ပုဒ်တို့သည်။ အလျော်ဟူသောအနက်ကိုဟောကုန်၏။ ထိုအလျော်ဟူသော မြန်မာစကားသည်။ အနုရူပ-သဒ္ဒိသေ-ဟူသော ထောမနိဓိနှင့် အညီ။ တူသည်ဟူသော အဓိပ္ပာယ်ကိုယူထိုက်ကြောင်း။ ပမာ ဆိုသော်။ ဘုရားသျှင်၏ အလိုတော်နှင့်လျော်စွာဟူရာ၌၊ လျော်စွာဆိုသဖြင့်၊ မဆန့်ကြောင်း။ မဆန့်-ဆိုသဖြင့်၊ ဘုရားသျှင်၏ အလိုတော်နှင့်တူသည်ဟူသော အဓိပ္ပာယ်သည်၊ အလွန် ထင်ရှားလှသောကြောင့်၊ ဤမျှသောစကားအစဉ်ဖြင့်၊ ဆံတော်မုသ်ဆိတ်ကျင်စွယ်တော်တို့၏၊ အရှည်လက်သစ် တူမျှကြောင်းကို၊ ပညာရှိအသျှင်တို့ ဆင်ခြင် သုံးဖြတ်နိုင်စရာ ရှိလောက် ပေပြီ။ မဿုခါရိတလက္ခဏံ- ဟူသောပုဒ်ဖွင့်သို့ ရောက်လျှင်၊ သာ၍ပင်ဆုန်းဖြတ်နိုင်ပါလိမ့်ဦးမည်။ ။ဤကား၊ မဿုခါရံ-ဟူသောပုဒ်၌သိရန်ဆန်းကြယ်အဓိပ္ပာယ်။ ။

———

☞ (၄) မဿုခါရိတ လက္ခဏံ-ဟူသော ပုဒ်ကို။ မုသ်ဆိတ်ကျင်စွယ်မွှားအပ်သောလက္ခဏာကို။ ဤသို့သာမညယောဇနာ ရာ၌၊ သိရန် ဆန်းကြယ် အဓိပ္ပာယ်ကား။ မြတ်စွာဘုရား ကိုယ်တော်မြတ်၌သာ၊ မုသ်ဆိတ် ကျင်စွယ် မွှားအပ်သည်မဟုတ်၊ပစ္စေကဗုဒ္ဓါတို့၌လည်း မုသ်ဆိတ်ကျင်စွယ်မွှားအပ်၏၊ ထို့ကြောင့်မဟုတ်လော၊ အပဒါန်အဋ္ဌကထာ။ ၁၀၀း။ ဆာ-အဂ်ါ၊ ဗာရာဏသီပြဟ္မဒတ်မင်းတို့စစ်ထိုးသော အဋ္ဌုပ္ပတ်

ဌိ။ ။မေတ္တာဈာနမုပ္ပါဒေတွာ၊ တဒေဝပါဒကံကတွာ၊ သင်္ခါ
ရေသမ္မသိတွာ၊ ပစ္စေကဗောဓိဉာဏံသစ္ဆိကတွာ၊သယမ္ဘူတံ
ပါပုဏိတံ၊မဂ္ဂသုခေန၊ဟတ္ထိခန္ဓေနိသိန္နံ။အမစ္စာအဟံသု။ယာန
ကာလော မဟာ ရာဇ။ ဝိဇိတဗလ ကာယဿ သက္ကာ ရော
ကတ္တဗ္ဗော၊ပရာဇိတဗလကာယဿဘတ္တပရိဗ္ဗယောဒါတဗ္ဗော
တိ။သောအာဟ၊ နာဟံဘဏေရာဇာ၊ ပစ္စေကဗုဒ္ဓေါအဟန္တိ။
ကိံဒေဝဘဏတိ၊နဒိသာပစ္စေကဗုဒ္ဓါဟောန္တီတိ။ ကီဒိသာဘ
ဏေပစ္စေကဗုဒ္ဓါတိ။ ပစ္စေကဗုဒ္ဓါနာမ ဒွင်္ဂုလကေသမဿုအ
ဋ္ဌပရိက္ခာရယုတ္တာဘဝန္တီတိ။ သောဒက္ခိဏေနဟတ္ထေန၊သီသံ
ပရာမသိ၊ တာဝဒေဝလိင်္ဂံအန္တရဓာယိပဗ္ဗဇိတဝေသောပါ
တုရဟောသိ။ဒွင်္ဂုလကေသမဿုအဋ္ဌပရိက္ခာရသမန္နာဂတော
ဝဿသဋ္ဌိကထေရသဒိသောအဟောသိ။ ။အဋ္ဌုပ္ပတ်အ
ဖွင့်ကိုသိစေလို၍၊ ပါဠိများများရေးသားလိုက်သည်။ အနက်
ကား။ ။မေတ္တာဈာနံ။မေတ္တာဈာန်ကို။ဥပ္ပါဒေတွာ။ဖြစ်စေ၍။
တဒေဝ။ထိုဈာန်ကိုပင်လျှင်။ ပါဒကံကတွာ။ အခြေပြု၍။သင်္ခါ
ရေ။သင်္ခါရတို့ကို။သမ္မသိတွာ။ သုံးသပ်၍။ ပစ္စေကဗောဓိဉာ
ဏံ။ပစ္စေကဗောဓိဉာဏ်ကို။သစ္ဆိကတွာ။မျက်မှောက်ပြု၍။သ
ယမ္ဘူတံ။သယမ္ဘူ၏အဖြစ်သို့။ပါပုဏိတံ။ ရောက်သော။မဂ္ဂသု
ခေန။မဂ်ချမ်းသာဖြင့်။ဟတ္ထိခန္ဓေ။ဆင်ကျောက်ကုန်း၌။ နိသိန္နံ။
နေသောမင်းကြီးကို။အမစ္စာ။အမတ်တို့သည်။အဟံသု။ ဆိုကြ
ကုန်၏။ မဟာရာဇ။ မင်းမြတ်။ ယာနကာလော။ မြန်းကြွအပ်
သောအခါတည်း။ဝိဇိတဗလကာယဿ။ အောင်နိုင်သောစစ်
သည်အား။သက္ကာရော။ပေးကမ်းမ-စ၊သက္ကာရကို။ကတ္တဗ္ဗော။
ပြုအပ်၏။ ပရာဇိတဗလကာယဿ။ ရှုံးနိမ့်သော စစ်သည်
အား။ ဘတ္တပရိဗ္ဗယော။ စားရိက္ခာကို။ ဒါတဗ္ဗော။ပေးအပ်၏။
ဣတိ။ ဤသို့လျှောက်ကြကုန်၏။ သော။ထိုမင်းကြီးသည်။ အာ
ဟ။မိန့်တော်မူ၏။ ဘဏေ။ အမတ်တို့။အဟံ။ ငါသည်။ရာဇာ။
မင်းသည်။န။မဟုတ်။ ပစ္စေကဗုဒ္ဓေါ။ ပစ္စေကဗုဒ္ဓတည်း။ဣတိ။

ဤသို့မိန့်တော်မူ၏။ ဒေဝ။မင်းမြတ်။ ကိံ။ အဘယ်သို့သော စ
ကားကို။ဘဏတိ။ ဆိုဘိသနည်း။ ပဉ္စကဗုဒ္ဓါ။ ပဉ္စကဗုဒ္ဓါတို့
သည်။ ဧဒိသာ။ဤသို့အသွင်ရှိကုန်သည်။ နဟောန္တိ။မဖြစ်ကုန်။
ဣတိ။ ဤသို့ လျှောက်ကြကုန်၏။ ဘဂဝါ။ အမတ်တို့။ ပဉ္စ
ကဗုဒ္ဓါ။ ပဉ္စကဗုဒ္ဓါတို့သည်။ ကီဒိသာ။ အသို့အသွင် ရှိကုန်
သနည်း။ဣတိ။ဤသို့မေးတော်မူ၏။ ပဉ္စကဗုဒ္ဓါနာမ။ ပဉ္စက
ဗုဒ္ဓါတို့မည်သည်ကား။ဒွင်္ဂုလကေသမဿု။ ၂-သစ်သော ဆံ
မုသ်ဆိတ်ကျင်စွယ်ရှိကုန်သည်။အဋ္ဌပရိက္ခာရယုတ္တာ။ ၈စ်ပါး
သောပရိက္ခရာနှင့်ယှဉ်ကုန်သည်။ ဘဝန္တိ။ ဖြစ်ကုန်၏။ ဣတိ။
ဤသို့လျှောက်ကြကုန်၏။သော။ ထိုမင်းကြီးသည်။ ဒက္ခိဏေန
ဟတ္ထေန။လက်ျာလက်ဖြင့်။သီသံ။ဦးခေါင်းကို။ပရာမသိ။ သုံး
သပ်၏။တာဝဒေဝ။ထိုခဏ၌ပင်လျှင်။လိင်္ဂံ။လူ၏အသွင်သည်။
အန္တရဓာယိ။ ကွယ်၏။ ပဗ္ဗဇိတဝေသော။ ရဟန်း အသွင်
သည်။ပါတုရဟောသိ။ ထင်ရှားဖြစ်၏။ ဒွင်္ဂုလကေသ မဿု။
၂-သစ်သော ဆံမုသ်ဆိတ် ကျင်စွယ်ရှိသော။ အဋ္ဌပရိက္ခာရ
သမန္နာဂတော။ ၈စ်ပါးသောပရိက္ခရာနှင့်ပြည့်စုံသော။ ဝဿ
သဋ္ဌိကထေရသဒိသော။အဝါ(၆၀)ရသောမထေရ်ကြီးနှင့်တူ
သောပဉ္စကဗုဒ္ဓါသည်။ အဟောသိ။ ဖြစ်ပြီ။ ။ဤကားအ
နက်။ ပါဠိလျှောက်အဓိပ္ပာယ်ကားထင်ရှား၏။ အဋ္ဌုပ္ပတ်နှင့်
တကွ၊နကေသမဿု-ဟု၊ပါဠိမှန်ရှိမရှိကို၊သိလိုသောပဒုမဒေဝီ
သားငါးရာဆရာတို့မှာ၊ ၎င်းအဋ္ဌကထာ။ ဆဝ-အင်္ဂါ၌ရှု။ ။
သဒ္ဒနယဖြင့်သံခေပအဓိပ္ပာယ်ကား။ ။ဒွင်္ဂုလကေသမဿု။
အဋ္ဌပရိက္ခာရယုတ္တာ-၌။ကေသ-ဟူသော၊ပုံးပုဒ်နှင့်၊မဿု-ဟူ
သော၊ နပုံးပုဒ်ကို(ကေသောစ မဿုစကေသမဿု) ဤသို့ဒွန်
သမာသ်တွဲ။၎င်းနောက်၊ဒွင်္ဂုလ-ပုဒ်နှင့်၊ဒွန်၏ရှေးဖျား၊ ပုဒ်ရှိပြား၊
မှတ်သားကမ္မဓာရဲ၊ တွဲလေမြဲ။ ဟူသည်နှင့်အညီ (ဒွင်္ဂုလဉ္စတံ
ကေသမဿုစာတိ ဒွင်္ဂုလကေသမဿု)ဤသို့ ကမ္မဓာရယ်တွဲ။
တုလျာဓိကရဏဒွင်္ဂုလပုဒ်ကို။ဒွန်၏ရှေ့နောက်၊ ပုဒ်နှစ်ထောက်

မှာ၊ပုဒ်တိုင်းသာ၊ယှဉ်ကာစပ်ရမြဲ။ ဟူသည်နှင့်အညီ။ ကေသ
မဿု-ပုဒ်နှင့် ဧကူသော တည်ရာ ရှိရကား၊ ပုဒ်တိုင်း၌ ယှဉ်၍၊
သမန္တစက္ခုဒီပဏီ၊ပထမတွဲ(၁၉)နံပါတ်၌၊ မုံရွေးဆရာတော်
ဘုရားသည်၊မဿု-ပုဒ်တိုင်အောင်လိုက်စေ၍၊ ရေးသားတော်
မူသည့်အတိုင်း။ဆံမုတ်ဆိတ်ကျင်စွယ်တော်၊လက် ၂-သစ်ဟူ
သောအဓိပ္ပါယ်ကိုမှတ်။၎င်းနောက်၊ဒွန္ဒကမ္မဓာရယဂဗ္ဘတုလျာ
ဓိကရဏဗဟုဗ္ဗိဟိ သမာသ်တွဲ။ မဿူ-ဟုပထမာ ဗဟုဝစ
နန္တ၊ဝိဘတ္တျန္တ ခံ။ဒွိဂုလကေသ မဿူ။ ၂-သစ်သော ဆံမုတ်
ဆိတ်ကျင်စွယ်ရှိကုန်သည်။ဤသို့ယောဇနာ၍၊ ဘဝန္တ-ကြိယာ၌
စပ်။နပုံး၌၊ယော-ဝိဘတ်ကျေရကား(ယောသု၊လ၊ ဒီဃံ)နှင့်အ
ညီ၊မဿူ-ဟုဒီဃနှင့်ရှိစေ။၎င်းနောက်။အဓ္ဓပရိက္ခာရယုတ္တာ-
၌။အဓ္ဓပရိက္ခာရ-ဟူသောဒိဂုပုဒ်နှင့်၊ယုတ္တာ-ဟူသောကိတ်ပုဒ်
ကို။တတိယာတပ္ပုရိသ်သမာသ်တွဲ။ အဓ္ဓပရိက္ခာရ ယုတ္တာ။၈ စ်
ပါးသောပရိက္ခရာနှင့်ယှဉ်ကုန်သည်။ဤသို့ယောဇနာ၍၊ဘဝန္တ
ကြိယာမှာပင်စပ်။ ။ဥတ္တမဂ်ဝိနိစ္ဆယစာတန်း၌ကား။ယခုကဲ့သို့
အစိတ်မယောဇနာဘဲ၊စပ်ရာဖြစ်သောဘဝန္တကြိယာ၌၊တပေါင်း
တည်း ယောဇနာခဲ့သည့် အတွက်၊ အချို့ပုဂ္ဂိုလ်တို့က၊ အဓ္ဓ
ပရိက္ခာရ-ပုဒ်ကို၊ ဒွန်ပုဒ်၌ သက်ဝင် လေသည်ဟု၊ ဉာဏ်မြင်
တော်မူသဖြင့်၊သပိတ်ပရိက္ခရာ၈ စ်ပါးလုံးပင်၊လက် ၂-သစ်ရှိရာ
၏ ဟူသောအတ္တဒေါသကိုရေးသားကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့
၏ဉာဏ်သည်အံ့ဘွယ်ရှိစွ။အဘယ်ကြောင့်နည်းဟူမူ(တထာ
ဒွန္ဒေပါဏီတုရိယယောဂ္ဂသေနင်္ဂ)စသော သုတ်စဉ်ကို၊ နှစ်လုံး
ပိုက်မိပါမူ။သတ္တဝါ၏အင်္ဂါ၊စည်၏ အင်္ဂါ၊ယဉ်၏ အင်္ဂါ၊ စစ်
သည်၏အင်္ဂါ၊စသည်တို့တွင်၊သတ္တဝါ၏ အင်္ဂါဖြစ်က(စက္ခု
သောတ။ရ ခနာသိက)စသောဥဒါဟြုဏ်၌၊သတ္တဝါ၏အင်္ဂါ
ချင်းသာ၊ ဒွန်သမာသ်ဝိဂြိုဟ်ဘွင့်ဆိုအပ်သကဲ့သို့၊ သတ္တဝါ၏
အင်္ဂါဖြစ်သော၊ကေသနှင့်မဿု-ကိုသာ၊ ဒွန်သမာသ် ဝိဂြိုဟ်
ဘွင့်ဆိုသင့် ပါလျက်၊ ယခုမူကား သတ္တဝါ၏ အင်္ဂါမဟုတ်

သော၊အဋ္ဌပရိက္ခာရ-ဟူသော၊ မဆိမဆိုင်ပုဒ်နှင့် ခွန်သမာသ် ကြံခြင်းသည်။သက္ကရက ထလိကမ်-မန္တ ဂုန္တမ်-ဆရာ၏ အလို သာဖြစ်ပေသည်။ ။ဤသို့ကိုးပြအပ်သော၊ပါဠိသာဓက၊နယ အရပ်ရပ်တို့ဖြင့်၊ ပစ္စေကဗုဒ္ဓ အသျှင်မြတ်မှာပင်၊ မုသ်ဆိတ် ကျင်စွယ်တော်၊ လက်၂-သစ် ဌားအပ်ပါတပြီး ကား၊ အဘဲ့ ကြောင့်မြတ်စွာဘုရားမှာ၊မဌားဘဲရှိတော့မည်နည်း။ ပစ္စေက ဗုဒ္ဓအသျှင်မြတ်မှာပင်၊ ဆံမုသ်ဆိတ် ကျင်စွယ်တော် အရှည်၊ လက်သစ်ဘူမျှပါတပြီးကား၊ အဘဲ့ကြောင့် မြတ်စွာဘုရားမှာ။ တိုရှည်ရှိနိုင်တော့မည်နည်း။

————

(၅)ငုင်းပြင်။ပစ္စေကဗုဒ္ဓအသျှင်မြတ်ဌသော၊ မုသ်ဆိတ်ကျင် စွယ်ဌားအပ်သည် မဟုတ်။ သာသနာ တော်ထမ်း၊ ယခုငါတို့ ရဟန်း များမှာလည်း၊ မုသ်ဆိတ် ကျင်စွယ် ဌားအပ်၏ ၊ ဌား ကောင်း၏။ထင်ရှားပြအံ့။ ။န(ဘိက္ခဝေ) မဿုံဝဍ္ဎာပေတဗ္ဗံ။ လ။ နဒါဓိကာ ဌပေတဗ္ဗာ။ ။စူဠဝါပါဠိတော်။ ၁၅း။ တေ- အင်္ဂါ။အနက်ကား။ ။ဘိက္ခဝေ၊တို့၊မဿုံ၊မုသ်ဆိတ်မွေးကို။ နဝဍ္ဎာပေတဗ္ဗံ၊မရှည်စေအပ်။ဒါဓိကာ။ ကျင်စွယ်မွေးကို။ နဌ ပေတဗ္ဗာ။မဌားအပ်။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား။သာ သနာ တော်ထမ်း။ ရဟန်း တို့မှာ၊ မုသ်ဆိတ် ကျင်စွယ် မဌား အပ်၊ မဌားထိုက်၊ မဌားကြံနှင့်ဟူလို။ ဤကား စူဠဝါပါဠိ၏ အ ဓိပ္ပာယ်။ ။ဤစူဠဝါပါဠိကို၊ သာဓကပြု၍။ ရဟန်းတို့မှာပင် ကာမဘောဂီ၊ လူတို့နိမိတ်၊ မုသ်ဆိတ်ကျင်စွယ်ကို ဌားဘိဦး၊ နှာ ခေါင်း မွေးကို သော်မှ၊ ပေါ်ထွက် ရှည်လျား မဌား အပ် ကြောင်းကိုပြဆို၍။ယထာဝါဒီ၊ တထာကာရီဖြစ်တော်မူသော မြတ်စွာ ဘုရားမှာလည်း၊ မုသ်ဆိတ်ကျင်စွယ်တော် မရှိအပ်၊ မရှိထိုက်ဟု၊ ဝိနယ ဒေသနာကို၊ နားလည်တော် မမူရှာသော ကြောင့်၊ ထပ်ခါထပ်ခါ၊ ထိုထိုသော ဘုတ်အုပ်စာတို့ မှာပင်။ မှင် ပိတုန်းတောင်၊ နီလရောင်ဖြင့်၊ ပြောင် တလျှပ်လျှပ်၊ မုတ်

ဆိတ် တော် ကျင်စွယ်တော် တို့ဖြင့်၊ တင့်တယ် သော ကိုယ်တော်မြတ်ကို။ မလျှောက်ပတ်မဖွယ်ရာ။ ကြက်သရေဂုဏ်မရှိအောင်၊ဣတ္ထိယရုပ်မျက်နှာခဲ့သို့၊ယောကျ်ားမြတ်လက္ခဏာကို။ ချိုးပဲ့ခါ သရော် လိုက်ခြင်း သည်။ များစွာ ကြက်သီး ထစရာကောင်း လှပေသည်။ ။ရဟန်းများမှာ၊ မုသ်ဆိတ်ကျင်စွယ်ဍ္ဍားအပ်ကြောင်းကား၊ ဆိုခဲ့ပြီးသော စူဠဝါပါဠိတော် အတိုင်းမဍ္ဍားအပ်၊ မဍ္ဍားထိုက်ဟုမှတ်။ ။သို့မဍ္ဍားအပ်၊ မဍ္ဍားထိုက်သော်၊ အသို့ပြုလုပ်ရမည် နည်းဟု၊ လျှောက်ထားရန် ရှိသောကြောင့်၊ ၎င်းစူဠဝါပါဠိတော်၌။ ။အနုဇာနာမိ ဘိက္ခဝေ၊ ခုရံခုရသိလံ။ ။အစရှိသောပါဌ်ကို၊ မိန့်ရပြန်သတည်း။ အနက်ကား။ ။ဘိက္ခဝေ။တို့။ခုရံ။သင်တုန်းကို။ခုရသိလံ။ သင်တုန်းသွေးကျောက်ကို။အနုဇာနာမိ။ ခွင့်ပြုတော်မူ၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား၊ သင်တုန်းနှင့် ရိတ်ကြ၊ သုတ်သင်ကြဟုလို။ ။သို့သုတ်သင်ရသော်၊ နေ့တိုင်းတစေ၊ အမြဲပင်သုတ်သင်၍ နေရမည်လောဟု၊ လျှောက်ထားရန် ရှိပြန်သောကြောင့်၊၎င်းစူဠဝါပါဠိတော်၌။ ။အနုဇာနာမိဘိက္ခဝေ ဒုမာသိကံဝါ၊ ဒုဝင်္ဂုလံဝါ။ ။ဟူသောပါဌ်ကို မိန့်ရပြန်သတည်း။ အနက်ကား လွယ်၏။ ။အဓိပ္ပာယ်ကား၊ နေ့တိုင်း တစေသုတ်သင်ရမည်မဟုတ်။လူတို့ခဲ့သို့၊ အလွန်ရှည်လျားမဍ္ဍားနှင့်၊ လ-အားဖြင့် ၂-လ။လက်သစ်-အားဖြင့် ၂-သစ်၊ဍ္ဍားအပ်၏.ဍ္ဍားထိုက်၏ ဍ္ဍားကြတော့ဟုလို။ ။ဤဒုမာသိကံဝါ-စသော ပါဌ်သည်၊ သာမညဖြစ်ခဲ့ရကား၊ ဆံပင်ကိုဍ္ဍားရမည်လော၊ သို့မဟုတ်၊ မုသ်ဆိတ် ကျင်စွယ်ကို၊ ဍ္ဍားရမည် လောဟု၊ လျှောက်ထားရန်ရှိပြန်၍။စူဠဝါအဋ္ဌကထာ။ဝဝ်း။ပိ-အင်္ဂါ၌။ ။ဒုမာသိကံဝါဒုဝင်္ဂုလံဝါတိဧတ္ထ။ သစေကေသာအန္တောဒွေမာသေ၊ ဒုဝင်္ဂုလံပါပုဏန္တိ၊ အန္တောဒွေမာသေဆိန္ဒိတဗ္ဗာ။ ဒုဝင်္ဂုလံဟိအတိက္ကမေတုံနဝဋ္ဋတိ။သစေပိနဒီဃာ၊ ဒွေမာသတောဧကဒိဝသံပိအတိက္ကမေတုံ နဝဋ္ဋတိ ယေဝ။ ။ဟူ၍မိန့်အပ်၏.။အနက်

၂၁၈၅
ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

ကာ။ ။ဒုမာသိကံဝါ ဒုဝင်္ဂုလံဝါတိဧတ္ထ။ ၂-လ၊ ၂- သစ်ကို
ခွင့်ပေးသော၊ ဒုမာသိကံဝါ၊ ဒုဝင်္ဂုလံဝါ၊ ဟူသော ပါဠိ၌။ ကေ
သာ။ဆံတို့သည်။ အန္တောဒွေမာသေ။ ၂-လ၏အတွင်း၌။ဒုဝင်္ဂု
လံ။ ၂-သစ်ကို။ သစေပါပုဏန္တိ။ အကယ်၍ရောက်ကုန်သည်
ဖြစ်အံ့။အန္တောဒွေမာသေ။ ၂-လ၏အတွင်း၌။ ဆိန္ဒိတဗ္ဗာ။ဖြတ်
အပ်ကုန်၏။ဟိသစ္စံ။မှန်၏။ ဒုဝင်္ဂုလံ။ ၂-သစ်ကို။အတိက္ကမေတုံ။
လွန်စေခြင်းငှာ။နဝဋ္ဋတိ။မအပ်။ဒီဃာ။ ၂-သစ်ရှည်ကုန်သည်။
သစေပိနဟောန္တိ။ အကယ်၍မဖြစ်ကုန်။ ဒွေမာသတော၊ ၂-လ
ထက်။ဧကဒိဝသံပိ။တရက်ကိုလည်း။ အတိက္ကမေတုံ။ လွန်စေ
ခြင်းငှာ။နဝဋ္ဋတိယေဝ။မအပ်သည်သာလျှင်တည်း။ ။ဤကား
အနက်။ ။ဝိတ္ထာရတ္ထအဓိပ္ပါယ်ကား။ ဆံပင်ကို။ ၂-လ၊ ၂-သစ်
ထက်မလွန်စေအပ်၊ ၂-လ၊ ၂-သစ်ဌားအပ်၏ဟူလို။ ။ဤရှုဋ္ဌ
ဝါ အဋ္ဌကထာပါဠိ၌၊ ကေသာ-ဟူသော၊ ဗဟုဝစနန္တကတ္တား
ဖြင့်၊ဆံကိုသာ၊ ၂-လ၊ ၂-သစ်ဌားအပ်ကြောင်းကိုဆို၏၊ မုတ်
ဆိတ်ကျင်စွယ်ကိုမဆိုပါသကားဟု၊ လျှောက်ထားရန်ရှိပြန်၍၊
ဝိမတိဋီကာနှင့်၊ဝိနယာလင်္ကာရဋီကာ၌။ ။ဧတ္ထစဒုမာသဿ
ဝါဒုဝင်္ဂုလဿဝါအတိက္ကမန္တဘာဝံအဇာနန္တဿပိ၊ ကေသ
မဿုဂဏနာယ၊အစိတ္တကာပတ္တိယော၊ဟောန္တိ။ ။ဟူ၍တဖန်
ထပ်ဆင့်၊ဘွင့်ပြတော်မူကြကုန်၏။အနက်ကား။ ။ဧတ္ထစ။ဤ
အရာ၌လည်း။ ဒုမာသဿဝါ။ ၂-လကိုဧင်း။ဒုဝင်္ဂုလဿဝါ။ ၂-
သစ်ကိုဧင်း။ အတိက္ကမန္တဘာဝံ။လွန်သည်၏အဖြစ်ကို။ အဇာ
နန္တဿပိ။ မသိသောရဟန်း၏လည်း။ အစိတ္တကာပတ္တိယော။
အစိတ္တကဒုက္ကဋ်အာပတ်တို့သည်။ ကေသမဿုဂဏနာယ။ဆံ
မုတ်ဆိတ်ကျင်စွယ်အရေအတွက်အားဖြင့်။ ဟောန္တိ။ဖြစ်ကုန်
၏။ ။ဤကားအနက်။ ။ဝိတ္ထာရတ္ထအဓိပ္ပါယ်ကား။ ဤဋီကာ
၂-ကျမ်း၌၊မဿု-ဟူသောသဒ္ဒါ၊ တိုက်ရိုက်ပင်၊ပါလာရကား။
ဆံကိုသာဆိုသည်မဟုတ်။ ဆံမုတ်ဆိတ်ကျင်စွယ်၊အလုံးစုံပင်၊
၂-လ၊ ၂-သစ်ဌားအပ်၏၊ဌားထိုက်၏။ဌားကြတော့ဟူလို။ ။

သတိပြုရန်။ ။၂-လ၊ ၂-သစ်ထက် မလွန်စေအပ် ဆိုသဖြင့်၊ မလွန်မှီ အတွင်း၊ သုတ်သင်နိုင်မူ၊ နေ့တိုင်း မပြတ် သုတ်သင်ရိတ်ဖြတ်ရာ၌၊အပြစ်မရှိ သုတ်သင်ရိတ်ဖြတ်အပ်၏ဟူသောအဓိပ္ပာယ်ကိုလည်းမှတ်။ ။ဤ၌၊ မဿု-သဒ္ဒါကို၊ ကျင်စွယ်ပါသိမ်း၍ယောဇနာလိုက်ခြင်းသည်။ ။ဒါဌိကမ္ပိ၊မဿုဂဟဏေနေဝဂဟေတွာမဿုတွေဝဝုတ္တံ။ ။ဟူသော၊သာရတ္ထဒီပနီဋီကာသုဒ္ဒိန္နကဏ္ဍာဘင့်နှင့်အညီ၊ ယောဇနာလိုက်သည်။ အနက်ကား။ ။ဒါဌိကမ္ပိ။ ကျင်စွယ်ကိုလည်း။ မဿုဂဟဏေနေဝ။ မဿု-သဒ္ဒါဖြင့်သာလျှင်။ဂဟေတွာ။ယူ၍။ မဿုတွေဝ။မဿု-ဟူ၍သာလျှင်။ဝုတ္တံ။ဆိုအပ်၏။ ။ဤကားအနက်။ ။ဤဋီကာပါဠိဖြင့်။ မဿု-သဒ္ဒါသည်၊ ကျင်စွယ်ပါ သိမ်းယူနိုင်ကြောင်း [ ဥတ္တမဂ်ဝိနိစ္ဆယ ]စာထန်း၌လည်း၊ စောဒနာနှင့်သောဓနာ-အကြောင်းတွင်၊ကိုးပြခဲ့သော၊အဘိဓာန်ပါဠိအရပ်ရပ်တို့ဖြင့်၊ သိအပ်လောက်ပေပြီ။ ထို့ကြောင့်၊ တိဗက်ပြည်၊ယိုးဒယားပြည်၊ အာရကန်ပြည်၊ဘူတန်ပြည်၊ သီဟိုဠ်ကျွန်းစသော၊ ထိုထိုတိုင်းပြည်နိုင်ငံများ၌၊ နေထိုင်ကြကုန်သော ဗုဒ္ဓဘာသာ၊ သာသနာတော်ထမ်း၊ရဟန်းတော်များ၏၊ဆံမုတ်ဆိတ်ကျင်စွယ်၊ ၂-လ၊ ၂-သစ်ခွာကြသည် များကိုလည်း မဆိုလို၊ ဒေသအလျှောက် မြန်မာတို့ဒေသ၌၊ သူငါကစ၊သုတ်သင်ကြသည်ကိုလည်း မဆိုလို။ ယခု ကိုးပြခဲ့သော ပါဠိအဋ္ဌကထာ ဋီကာအရပ်ရပ်တို့ဖြင့်၊ သာသနာတော်ထမ်း၊ ရဟန်းတို့မှာပင်၊ မုတ်ဆိတ် ကျင်စွယ်၊ ၂-သစ် ခွာအပ်ပါတပြီးကား။ ယထာဝါဒီ၊ တထာကာရီ ဖြစ်တော်မူသောမြတ်စွာဘုရားမှာ၊ အဘယ့်ကြောင့် မခွာဘဲရှိတော့မည်နည်း။ ရဟန်းတော်တို့မှာပင်၊ ဆံမုတ်ဆိတ်ကျင်စွယ်၊အာရည်လက်သစ်တူမျှပါတပြီးကား။ အဘယ့်ကြောင့် မြတ်စွာဘုရားမှာ၊တိုရှည်ရှိနိုင်တော့မည်နည်း။ ။

( ၆ ) ၎င်းပြင်။နီလရောင်ခြည်တော်ထွက်ရာဌာနကိုပြဆို
ရာအဌသာသလိနီစသည်တို့၌။ ။ကေသမဿုပုဟိစေ၀၊အက္ခိ
နဥ္စနီလဋ္ဌာနေဟိ၊ နီလရသ္မိယောနိက္ခမိံသု၊ ယာသံ၀သေန ဂဂ
ဏတလံ၊ အဉ္စနစုဏ္ဏသမောကိဏ္ဏံဝိယ-ဤသို့ စသည်ဖြင့်၊ အ
ကျယ်ဆို၏။ ထိုပါဠိ၏အဓိပ္ပာယ်ကို၊သမန္တ-ပထမတွဲ( ၂၀၃ )
နံပါတ်၌၊ မုံရွေးဆရာတော်သည် (ဆံတော်ကြွင်း၊ မွေးညှင်း
တော်၊မုတ်ဆိတ်တော်၊ မျက်စိမျက်တောင်မျက်မှောင်တော်-
ဟုဆိုအပ်သော၊ညိုရာမှိုင်းရာ၊ စိမ်းပြာမှေးမှောင်သင့်သော အ
ရပ်တို့မှ၊ စိမ်းစိမ်းစိုစို၊ ညိုသောရောင်ခြည်တော်) ဟူ၍ပြန်ဆို
တော်မူသည်။ ဤမှတပါးကြဏ်းဂန်အရာ၊လိမ္မာတော်မူကြကုန်
သောဆရာတော်ဘုရားများလည်း။ ။နိက္ခမိံသုတမှာတမှာ၊
နီလာပိတာစ လောဟိတာ-စသောဂါထာကို ကောင်းစွာ သိ
ကုန်းတော်မူ၍။တမှာတမှာ။မုတ်ဆိတ်တော်တတန်၊ဆန်တော်
တချက်၊မျက်နက်တော်တခို၊ညိုသောဌာနတော်အရပ်မှ။နီလာ
စ။ ကောင်းကင်အလုံး၊ပိတုန်းပြန်ဝဲ၊ ကြည်ကြဲသို့၊ အောက်မဲ
ပွင့်ချပ်၊မြသါးရင်ဖြင့်၊လွှဲခပ်သလို၊မိုးစင်းလုံးစိုမှု၊ညိုသောရောင်
ခြည်တော်တို့သည်။ နိက္ခမိံသု။ လနေ့ထိန်ဝင်း၊ ရှိန်အဆင်းကို၊
နှိမ်နင်းချိုးဖျက်၊ကွန့်မြူးယှက်၍၊ထွက်တော်မူကုန်ပြီ။ဤသို့ယော
ဇနာတော်မူကြကုန်၏။ လက်ာနက်ဖြစ်၍ဝါစာသိလိင်္ဂအလို၌၊
ကျင်စွယ်ကိုအထူးမဆိုဘဲ၊မုတ်ဆိတ်၌သာပိုဟ်လေသည်။ယ်
ဖြတ်သုတ်သင်မထင်ရှားသောအမွေး-ဟူ၍၎င်း။ဖေါက်ပြန်သိန်
ဖြင်း၍ဖြစ်သော၊ မွေးညှင်း-ဟူ၍၎င်း။ အငုတ်-ဟူ၍၎င်း၊ပြန်ဆို
တော်မမူကြပေ။ဤသို့လျှင်၊ကိုယ်တော်မြတ်၏မုတ်ဆိတ်တော်
ကျင်စွယ်တော်တို့မှ၊ နီလရောင်ခြည်တော်ထွက်ကြောင်းကိုပြ
ဆိုတော်မူသဖြင့်။ရှံသိဓရ-ဖြစ်တော်မူသောမြတ်စွာဘုရားမှာ၊
နီလရောင်ခြည်တော်ထွက်မြူးရာ၊ မုတ်ဆိတ် ကျင်စွယ်တော်၊
အဘဲ့ကြောင့်မမြွားဘဲရှိတော့မည်နည်း။ ။၎င်းပြင်[ ဥတ္တမဂ်ပိ
နိဿယ ]စာတန်း၌ဆိုခဲ့ပြီးသော။ ။ပုရိသာနံ။လ။မုခ-သမဿု

ဒါဠိကတာဒိစ နိမိတ္တံနာမ-ဟူသော မဏိမဉ္ဇူ ပါဌ်ဖြင့်၊ မှည်ဆိတ်ကျင်စွယ်သည်၊ ယောကျာ်းတို့၏ ပုရိသနိမိတ်လက္ခဏာဖြစ်ကြောင်း။ ။နိမဿုဒါဠိကောဝါဘိက္ခုနီသဒိသရဓော။လ။ သဗ္ဗံစေတံ ဝိရူပကရဏံသန္ဓာယဝိတ္ထာရိတဝသေန ဝုတ္တံ-ဟူသောဝိနယ်းမဟာဝါအဋ္ဌကထာပါဌ်ဖြင့်။ ပေါက်သင့်သောအရွယ်သို့ ရောက်လျှက်၊ မှည်ဆိတ် ကျင်စွယ် မပေါက်ရောက်သောသူကို၊ယောကျာ်းတို့ နိမိတ်လက္ခဏာ ချို့သောကြောင့်။ ဘိက္ခုနီမ၏မျက်နှာနှင့်တူလေသောကြောင့်။ငါဘုရားသျှင်သာသနာတော်၌၊ ရှင်ရဟန်းပြု၍မပေးအပ်ဟု၊ ပဗ္ဗဇ္ဇာဒေါသဒုက္ကဋအာပါတ်ကိုပညတ်တော်မူသဖြင့်။ယထာဝါဒီ-တထာကာရီဖြစ်တော်မူသော သျှင်တော်ဘုရားမှာလည်း၊ ပဗ္ဗဇ္ဇာအစင်ဖြစ်တော်မူပါတပြီးကား။အဘဲ့ကြောင့် မှည်ဆိတ်ကျင်စွယ်မပေါက်ဘဲရှိတော့မည်နည်း။ ။

---

* (၇) ဤမှလောက်သော၊သဘာဝယုတ္တိ၊အာဂမယုတ္တိ၊ဒေသနာသန္တိ၊တို့ဖြင့်။ သမ္မာသမ္ဗုဒ္ဓ၊ပစ္စေကဗုဒ္ဓ၊ သာဝက၊ပုဂ္ဂိုလ်သုံးဦးတို့၏၊ဆံမှည်ဆိတ်ကျင်စွယ်တော်ကို။ အရှည်လက်သစ်ပမာဏနှင့် တကွ၊ ရှားသင့်-ရှားအပ်-ရှား ကြပုံ လက္ခဏာကို၊ အသီးအသီးရေးသားပြဆိုပြီး၍။ ယခုအခါ ဒါယကာတို့နှုတ်ငုံဆောင်ယူ လွယ်စေခြင်း ငှာရင်း။ ဘုရားကိုယ်တော်မြတ်၏၊ မှည်ဆိတ်ကျင်စွယ်တော်ပမာဏ၊ဆံတော်နှင့်တူမှုသည်ကို၊နှုတတ္တမှတ်ယူစေခြင်းငှာရင်း။ ကြဏ်းကိုး သာဓကတချတည်းနှင့်ပင်၊ ရေးသားပြဆိုပေအံ့။ ။အသိံ ဂဟေတွာ၊ ကေသေဆိန္ဒိတွာ၊သီဟပဉ္ဇရံဝိဝရိတွာ၊ဇာတံဂဟေတွာ၊ရဇ္ဇုံကာရေထာတိ၊သဒ္ဓိံ ရုဋ္ဌာမဏိနာ၊ကေသကလာပံ၊ပရိသမဇ္ဈေပါတေသိ။လ။ရညော၊ဒွင်္ဂုလမတ္တကေသမဿုအဟောသိ၊ဗေါဓိသတ္တဿပဗ္ဗဇ္ဇာသဒိသမေဝကိရဇာတံ။ တတောရုဋ္ဌပြုပဋ္ဌကံပေသေတွာ၊ ဥဇ္ဇကာသာယ ဝတ္ထာနိ မတ္တိကပတ္တဉ္စ၊ အာဟရာပေတွာ၊ ယော

လောကေ အရဟန္တာတော ဥဒ္ဒိသ္သမယှံ ပဗ္ဗဇ္ဇာတိ၊ သတ္တာဝရ မုန္ဒိသ၊ကော်နိဝါသေတွာ၊ကော်ပါရုမ္ပိတွာ၊ပတ္တံ-ဝါမအံသကူဋေ ကတွာ။ကတရဒဏ္ဍံနုံဗိသွာ။နတေသဥ္စာနိ`သု၊ကောပဗ္ဗေက ဗုဒ္ဓေါအမှာကံရညော ဓမ္မကထေတုံ အာဂတောတိကိရစိန္တ ယိ`သု။ ။ဥပရိပဏ္ဏာသ အဋ္ဌကထာ။ ဓာတုဝိဘင်္ဂသုတ် အ ဘွင့်။ပက္ကုသာတိမင်းကြီးသည် ဘုရားကိုရည်၍၊ တက္ကသိုလ် ပြည်မှရဟန်းပြုလာသော အဌဏ္ဍပွတ်။၁၁၁။ သူ-အင်္ဂါ။ အဆုံး ပလ္လင်မှ၊ ပဋိလောမပြန်၍ ရေတွက်လာသော်၊ တအင်္ဂါနှင့်-၉ ချပ် လောက်တွင်ရှု။ အနက် ကား။ ။အသိ`။ သံလျက်ကို။ ဂဟေတွာ။ကိုင်၍၊ကေသေ။ဆံတို့ကို။ဆိန္ဒိတွာ။ဖြတ်၍။ သီဟ ပဥ္စရံ။ချင်သေ့ခံသောလေသာနန်းကို။ ဝိဝရိတွာ။ လှစ်၍။ တော်။ ချံဆံကို။ ဂဟေတွာ။ ယူ၍။ရဇ္ဇ။ မင်း၏အဖြစ်ကို။ ကရေထ။ ပြုကြကုန်လော။ဣတိ။ဤသို့ဆိုတော်မူ၍။ဗုဒ္ဓာမဏ္ဍနာ။ပတ္တမြား ဥဿျောင်ထုန်းနှင့်။ သဒ္ဓိ`။တကွ။ ကေသကလာပံ။ ဆံစုကို။ပရိ သခဏ္ဍေ။ ပရိသတ် အလယ်သို့။ ပါတေသိ။ ချလိုက် လေ၏။ ရညော။ပက္ကုသာတိမင်းကြီး၏။ ဒွင်္ဂုလမတ္တကေသမဿု။ ၂- သစ်အတိုင်းအရှည်ရှိသော ဆံမုသ်ဆိတ်ကျင်စွယ်သည်။ အ ဟောသိ။ ဖြစ်၏။ ဗောဓိသတ္တဿ။ ဘုရားလောင်း၏။ ပဗ္ဗဇ္ဇ သဒိသမေဝ။ ရဟန်းပြုသည်နှင့် ထပ်တူတမျှ၊ မကွဲကြသည်။ ဇာတံကိရ။ ဖြစ်လေသတတ်။ တတော။ ထိုဘုရားလောင်းနှင့် တူစွာ၊ ဆံမုသ်ဆိတ် ကျင်စွယ် ၂-သစ်မွှားပြီးသည် နောင်မှ။ ဗုဒ္ဓုပဒ္ဓကံ။အလုပ်အကျွေးငယ်ကို။ပေသေတွာ။စေခိုင်း၍။ ဒွေ။ နှစ်ထည်ကုန်သော။ ကာသာယဝတ္ထာနိစ။ ဖံရေစွန်းသော အ ဝတ်တို့ကိုရင်း။ မတ္တိကပတ္တဥ္စ။ မြေသပိတ်ကိုရင်း။ အာဟရာ ပေတွာ။ ဆောင်ယူ စေ၍။ လောကေ။ လောကဥ္စ။ ယေအရ ဟန္တာ။အကြင်အရဟန္တာပုဂ္ဂိုလ်တို့သည်။သန္တိ။ရှိကုန်၏။တေ အရဟန္တာ။ထိုအရဟန္တာပုဂ္ဂိုလ်တို့ကို။ ဥဒ္ဒိဿ။ရည်၍။ မယှံ။ ငါ၏။ပဗ္ဗဇ္ဇာ။ရဟန်းပြုခြင်းတည်း။ဣတိ။ဤသို့ကြံ၍။သတ္တာဝံ။

မြဲတ်စွာ ဘုရားကို။ ဥဒ္ဒိဿ။ ရည်၍။ ကော်။ တထည်ကို။ နိဝါ
သေတွာ။ ဝတ်၍။ ကော်။ တထည့်ကို။ ပါရုပိတွာ။ ရုမ်၍။ ပတ္တံ။ မြေ
သပိတ်ကို။ ဝါမအံသကူဋေ။ လက်ဝဲပခုံးစွန်၌။ ကတွာ။ လွယ်၍။
ကတရဒဏ္ဍံ။ တောင်ဝှေးလက်၌ ရှိသော။ နံ။ ထိုပဏ္ဍုသာတိ
ရဟန်းကို။ ဒိသွာ။ မြင်၍။ တေ။ ထိုအမတ်တို့သည်။ နသဥ္ဆာနိံသု။
၍ရဟန်းကားငါတို့မင်းဟု၊ ထင်လင်းမသိနိုင်ကြကုန်။ ကော။
အဆူသော။ ပဗ္ဗေကဗုဒ္ဓေါ။ သျှင်ပဗ္ဗေကဗုဒ္ဓသည်။ အမှာကံ။ ငါ
တို့၏။ ရညော။ မင်းကြီးအား။ ဓမ္မကထံ။ တရားစကားကို။ က
ထေတုံ။ ဟောပြောခြင်းငှါ။ အာဂတော။ ကြွလာခဲ့၏။ ဣတိ။ ၍
သို့။ စိန္တယိံသုကိရ။ ကြံကြကုန်သတတ်။ ။၍ကားအနက်။ ။
ပါဠိလျှောက်အဓိပ္ပာယ်ကား ထင်ရှား၏။ လိုရင်း အဓိပ္ပာယ်
ကား။ ရညောဒွဂ်ုလမတ္တကေသမဿု-စသောဝါကျကို ပဓာန
မူ၍။ ပဏ္ဍုသာတိမင်းကြီးသည်၊ ဖံရေစွန်းသင်ကန်းကို၊ ဆင်မြန်း
ဝတ်စားတော်မမူမီ။ ဆံမုသ်ဆိတ်ကျင်စွယ်တော်ကို၊ ၂-သစ်
ခန့်မျှပမာဏအတူ ရှားး၍ ရိတ်ဖြတ် တော်မူခြင်းသည်၊ သိဒ္ဓတ္ထ
မင်းသားဘုရားလောင်းရဟန်းပြုသည်နှင့်၊ ထပ်တူတမျှ၊ မကွဲလွဲ
ကြဟု၊ သဒိသလက္ခဏာကို၊ အဋ္ဌကထာမိန့်ဆိုတော်မူသဖြင့်၊
ရဟန်းနှင့်ဘုရားသျှင်၊ ဆံမုသ်ဆိတ်ကျင်စွယ် ရှားပုံခြင်းတူကြ
သည်ကိုရင်း။ ကောပဗ္ဗေကဗုဒ္ဓေါ-စသောဝါကျကို ပဓာနမူ
၍။ ဆံမုသ်ဆိတ်ကျင်စွယ်၊ ၂-သစ်ခန့်မျှရှားတော်မူသော၊ ပဏ္ဍု
သာတိ ရဟန်းကိုပင်၊ ပဗ္ဗေကဗုဒ္ဓတပါး၊ တရားဟောကြွလာ
ရော့ထင့်ဟု၊ အမတ်တို့ယုံမှားကြောင်းကို၊ အဋ္ဌကထာမိန့်ဆို
တော်မူသဖြင့်။ ရဟန်းနှင့်ပဗ္ဗေကဗုဒ္ဓ၊ ဆံမုသ်ဆိတ်ကျင်စွယ်
ရှားပုံခြင်းတူကြသည်ကိုရင်း၊ နေ့ရာကြတွေ့မြင်ရသဖြင့်။ သမ္မာ
သမ္ဗုဒ္ဓ-ပဗ္ဗေကဗုဒ္ဓ-သာဝက-သုံးဦးလုံးပင်၊ ၂-သစ်စီဆံမုသ်
ဆိတ်ကျင်စွယ်တော်တို့၏၊ တိုရှည်မရှိ၊ တူမျှကုန်၏ဟူသော၊
လိုရင်းအဓိပ္ပာယ်ကိုမှတ်ယူလေ။ ။ယွှာငါသည်၊ လက်ရုံးအ
လား၊ အားပြုဆန့်တန်းလိုက်သော၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊

ခေတုပိဘင်္ဂဝဏ္ဏနာကို။ ဦးစွာမဆွ၊ပထမ၌၊ ရေးသားပေါ်ပြ
လိုက်ပါက။ဤသာဓက-တခုနှင့်ပင်၊အတ္ထယုတ္တိ၊ ဟုတ်လောက်
၏ကို၊မိမိရရ၊ကြံယူဆနိုင်သော၊ ပဏ္ဍိတသူမွန်တို့၏ ညာဏ်၌။
ပမာဆိုသော်၊ ဟာလာထင်းထင်း၊ ပဲခိုးကွင်း၌၊ ဧရာဝဏ်ဆင်
မင်းကို၊ ဦးကင်းတက် အလန် ထူ၍၊ မြေငူတွင် ဟစ် အော်၍
မောင်းဘိသခဲ့သို့၊ ကောင်းကောင်းကြီးထင်ရှားလှ ပေရကား။
ရေးသားဆုံးဖြတ်လိုက်သည့်အတိုင်း၊ မပေါက်မပြန်၊ ဓိပ္ပာယ်
မှန်ကို၊ လက်ခံသိမ်းပိုက်၊ နှစ်ခြိုက်ယုံကြည်ဘွယ်ရာသော အ
ကြောင်းရှိ၏။သို့ဖြစ်ပါလျက်၊ ဦးစွာအစ၊ မပေါ်ပြဘဲ၊ များစွာ
သောပါဠိအဋ္ဌကထာ၊ အင်္ဂါအချပ်၊ နိတတ်ပေါ်ထုပ်၊ ပြယုဂ်
လောက်လုံ၊ယူပုံယူနည်း၊ဝိဒူကြီးတို့၊ပြန်ပြီးဓိပ္ပာ၊ သွင်းစာနှိုင်း
ညှိ၊ယုတ္တိရရ၊ပဒဝိဂြိုဟ်၊ လှစ်ဆိုပြန်ကြား၊ပုဒ်မှားပုဒ်စပ်၊ ရှေး
လူတတ်တို့၊ဆုံးဖြတ်နိယမ်၊ကျမ်းဂန်မထောင့်၊ ဖြောင့်ဖြောင့်
ထင်လင်း၊ ကျယ်ဝန်းစွာ ရေးသားလိုက်ရ ခြင်းသည်။ ထိုထို
သောဘုတ်အုပ်စာတို့၌။ဝိသကြိုနတ်၊ပယ်ဖြတ်သုတ်သင်၊မထင်
ရှားသောအမေး-ဟူ၍၎င်း။ပေါက်ပြန်သိမ်ဖြင်း၍ဖြစ်သော၊မေး
ညှင်း-ဟူ၍၎င်း။အငုတ်-ဟူ၍၎င်း။နက်နက်နဲနဲ၊ အရိုးစွဲအောင်၊
မြဲမြဲကြီး မှတ်လောက်သော အနက်မှန်ကို၊ ပြန်ဆိုတော် မူကြ
ကုန်သော၊ပဏ္ဍိတမောဠိ၊ တိပိဋကဓရ၊ နိဿယဆရာတို့ နှစ်လုံး
ရေ၊ ဇမ္ဗူ့ရာဇာ လက်ဟောင်းရွှေသည်။ ဘယ်အရေ ရှိမရှိကို၊
နိုင်ငံနေပညာရှိတို့က၊မှတ်တင်၍ကြည့်စေခြင်းငှါ၎င်း။၎င်းပြင်။
ဒွင်္ဂုလမတ္တကေသမဿုအပေါဟသိ၊ပဏ္ဏာသအဋ္ဌကထာ၌၊ဤမျှ
သာပါရှိ၍၊အဋ္ဌပရိက္ခာရယုတ္တာ၊ ယင်းပဒ-မပါလာရကား။ပါရှိ
သောအပဒန်အဋ္ဌကထာ၌၊အဋ္ဌပရိက္ခာရယုတ္တာကို၊ဒွင်္ဂုလလိုက်
လာ၍၊ ပရိက္ခရာလည်း လက်၂-သစ်၊ ယူဘွယ်ရံ ဖြစ်မည် ဟု။
ပစ္စေက ဗုဒ္ဓါ၏၊ သင်ကန်းလျှာရ ထည်သစ်ကို၊ ပေါင်းချောင်
ပတ် ဖြစ်ရ အောင်၊ နစ်နစ်နဲ့နဲ့၊ ကြံပုံတော် အမူကွဲ သည် ကို၊
ညာဏ်လူကဲ-ခတ်စေခြင်းငှါ၎င်း။ ၎င်းပြင်၊ အချို့သော ဘုတ်

အုပ်စာတို့၌၊ သဒ္ဒနိမိတ်၊ အရိတ်ကိုထောက်၊ အကြံပေါက်တိုင်း၊
ဗုဒ္ဓဂိုဏ်းမရှု၊ ပြုလိုရာပြုသည်ဟု၊ ကဲ့ရဲ့ရေးသားကြလေသော
ကြောင့်။ ငါသည်၊ ကပ္ပကာသဒ္ဒိသောဟုတွာ- သည်မျှလောက်
ပါရုံနှင့်၊ သဒ္ဒနိမိတ်၊ အရိတ်ကို ထောက်၊ အကြံပေါက်တိုင်း၊
ဗုဒ္ဓဂိုဏ်းမရှု၊ဘုရားသျှင့်ရွှေမျက်နှာတွင်၊ ပြောင်ခါအောင်ပြုသ
ခဲ့သို့မဟုတ်၊ မိမိရရ၊ ကိုးပြုသောအာဂမ၊ ဒေသနာနိတတ္ထတို့
ဖြင့်၊ နေရာကြရေးသားသည့်၏ အဖြစ်ကို၊ ထင်ရှားစွာ သိစေ
ခြင်းငှါ၎င်း။၎င်းပြင်။အချို့သောဘုတ်အုပ်စာတို့၌၊ ဘုရားဆင်း
ထုတော်မြတ်ကို၊ဘယ်ညာစုံသတ်၊ ကျင်စွယ်တော်တတ်ခြင်း
သဉ်၊ မရှုဝန့်၊မမြင်သာဟု၊ကဲ့ရဲ့ရေးသားကြလေသောကြောင့်။
ငါသည်၊ ဒေသနာနိတတ္ထ၊ ပါဠိပါဠိအရဖြင့်၊ရေးပြသောရုပ်ထု
တော်သည်[တိတ္ထိယာဒိနော၊ဗုဒ္ဓါဒိအတိဏ္ဍူဠ္ဍါရမ္မဏောပိ၊ပဋိဟ
တစိတ္တဿ၊ ဒေါမနဿဇဝနေဇဝိတေ ]သက်သေထွက်ရှိ၊ဤ
ပါဠိဖြင့်၊အတိဏ္ဍူဠ္ဍာရမ္မဏ၊ရှုအပ်သောရူပကာယဖြစ်၍၊ ပသာဒ
စက္ခုဖြင့်၊ကြောက်၍ပင်မရှုဝန့်ပြားသော်လည်း။ ရညောဒ္ဒိဂိုလ
မတ္တကေသမဿုအဘောဝသိ၊ ဗောဓိသတ္တဿပဗ္ဗဇ္ဇသဒိသမေ
ဝ။ရေးသား၍ပြခဲ့သော၊ပဏ္ဏာသစက္ခုဖြင့်၊ မမှိတ်အောင်အား
ခဲ၍၊ရဲရဲကြီးရှုဝန့်စေခြင်းငှါ၎င်း။၎င်းပြင်။ အချို့သောဘုတ်အုပ်
စာတို့၌။ငါလည်းငါ့ဟာ၊ ငါ့ပညာနှင့်၊ ငါသာတတ်သည်၊ အ
ရှည်မထော်၊ မကြောက်ရွန့်ဘဲ-စသည်ဖြင့်၊ များစွာကဲ့ရဲ့ရေး
သားကြလေသောကြောင့်။ ငါသည်၊ အသက်သိက္ခာ၊ ပညာ
အားဖြင့် နုငယ်လှသော ကြောင့်၎င်း။ ဓနုဖြူ မြို့နယ်၊ ညောင်
ချောင်းဆိုသော၊ရွာသိမ်ရွာငယ်သည်၊ဗချီ-ကနီစသောမြို့များ
ခဲ့သို့၊ရဟန်းပညာရှိ၊ လူပညာရှိတို့၏ဖြစ်ထွန်းရာအရပ်မဟုတ်
သောကြောင့်၎င်း ၊ငါတည်းဟူသော မာနတရားဖြင့်၊ ထောင်
လွှား ရေးသားသည် မဟုတ်။ ဤစာအုပ်ကို၊ မူလရေးသားရ
သောနိဒါန်းသရုပ်မှာ။ ငါ၏ကိုယ်ကို၊ပမာဆိုသော်၊ ယခုလော
ကတွင်၊ဘခင်ထင်ရှား၊ရှိလျှက်သားနှင့်၊ကလေကဝ၊ ကြီးပြင်း

ရသော၊အညတြဲယောကျ်ားကို၊တပါးသောမိတ်ဆွေက။ ဟော့
ကွဲအသင်၊ မောင့်ဘခင်၏၊ရုပ်သွင်သဏ္ဍာန်၊ နာမ်မည်နေရပ်၊
မျိုးဇာတ်ကုလ၊ဟူသမျှကို၊တ-နု-သေချာ၊ပြောစမ်းပါဟု၊ မေး
လာသောကာလ၌။ အညတြဲ ယောကျ်ားက၊ အို့ဗျ မိတ်ဆွေ၊
ကြုတ်မွေးဘေကို၊ သေချာ-တ-နု၊ မည်နာမနှင့်တကွ၊ ပြောလို့
ဖြင့်ကြုတ်မပြနိုင်ဘူး၊ အရပ်ကခေါ်ဝေါ်တာမှာဖြင့် [ဆရာက
လေးကိုအ၅]ဟု၊ခေါ်တာကို၊ ကျွန်တော်ဖြင့်ကြားပါရဲ့ဟု၊ ဆို
ရသော ယောကျ်ားခဲ့သို့။ ကလေကဝ၊ မဖြစ်ရအောင်၊ သတိ
ဆောင်၍၊ ဘုန်းခေါင်ထွန့်ထား ဘဘုရား၏၊ တရားတည်းဟူ
သော၊ရင်နှီရသာ၊သိက္ခာသီလတည်းဟူသော၊ထမင်းဝါးဖတ်
တို့ကို၊ မပြတ်သောက်စား၍၊ ကိုယ်တော်မြတ် ထံတော်ပါး၌
သာ၊ ကြီးပွါး၍လာရသော၊သားရင်းသားစစ်၊ ဖြစ်သည့်နှင့်အ
ညီ။အောက်စာရင်းပါ၊ တောင်းပန်သူ ဒါယကာတို့က။ ကိုယ်
တော့ဘခင်၊သုံးလုသျှင်၏။ရုပ်သွင်သဏ္ဍာန်၊ နာမ်မည်နေရပ်၊
မျိုးဇာတ်ကုလ၊ဟူသမျှကို၊တ-နု-သေချာ၊ဟောပြပါဟု၊လျှောံ
လာသောကာလဖြစ်၍။ အရဟာဒိ၊ဘဂဝါတိဟု၊ ကိတ္တိကြော်
လျှံ၊ပွဲတင်သံတို့ဖြင့်၊ကြွင်းကျံမရှိ၊ ဘဝဂ်ထိအောင်၊ နှုန်းသိကြေ
ငြာတော်မူသော၊မွေးသဘစောမြတ်စွာကို [ဆရာကလေးကို
အ၅]ဟု၊ နေယျတ္ထဒေသနာဖြင့်၊ ရယ်ဘွယ်ရာမဖြစ်စေရဘဲ၊
ကိုးပြသောအာဂမ၊ ဒေသနာ နိတတ္ထတို့ဖြင့်၊ နေရာကြ ရေး
သားသည့်၏၊အဖြစ်ကို၊ထင်ရှားစွာသိစေခြင်းဌါရင်း။ ရင်းပြင်။
အချို့သောဘုတ်အုပ်စာတို့၌၊မုသ်ဆိတ် ကျင်စွယ် ပါရဦးမည်
ဟု၊ မကြံစည်အပ်၊ ရှေးရှေးသော ဆရာမြတ်၊ ကြဏ်း တတ်
ပုဂ္ဂိုလ်ကျော်တို့၊ ကြံစည်သော အရာလည်းမရှိ-ဤသို့စသည်
ဖြင့် ကဲ့ရဲ့ရေးသားကြလေသောကြောင့်။ ငါသည်၊ ရှေးဆရာ့
စိတ်ကူးညာဏ်၊ ကြံလိုတိုင်းကြံသည်ကို၊ တခံမျှအားမထား၊
ပါဠိပိဋကတ်၊အရပ်ရပ်၌၊ ကြံအပ်သောကြဏ်းစကားကိုသာ၊
အားထားလေ့ရှိသောကြောင့်။ ငါ့အားဒါယကာတို့ လျှောက်

ရန်မရှိ။ တိပိဋကဓရ၊တိပိဋကဝိဒူ၊ လူ့ပြည်တွင် နေနှင့်လက်ဲ့သို့၊ ထွန်းပတောဲ်မူပေသော၊ ပုဂ္ဂိုလ်ကျော်တပါးက [ကြားဏ်း တတ်သည့်ပုဂ္ဂိုလ်ကျော်တို့၊ ကြံစည်သောအရာမရှိ] ဆိုလိုက်သည့်စကားသည်၊ သုံးပါးပိဋကတ်၊အရပ်ရပ်ကို၊ အလပ်မရှိ၊ အထပ်ထပ်ကြည့်ပြီး ဖြစ်သောကြောင့်၊ စင်စစ် မှားနိုင်တော့မည်မဟုတ်၊မုကျွပင်မှန်ပေလိန့်မည်။သို့ရာတွင်၊မဏိကုဏ္ဍလ (၁၈၅)နံပါတ်၊ အောက်ဆုံးရှိ၊စာ ၂-ကြောင်းကို၊ ကောင်းမွန်စွာဘာသ်တတ်သော၊ အချို့သောမိန်းကလေးများက။ ရှေးဆရာ့အကြံ၊တွေ့မိသည်ဆိုလေပြန်သောကြောင့်၊ယင်း ၂-ကန်စကား၊ဘယ်သူကမှားပြီးလျှင်၊ ဘယ်စကားဘူတ၊ ဟုတ်မှန်ပုံရသည်ဟု၊ အရိုးစွဲမှတ်ကြရအောင်၊ ညွှန်ပြသည့် စာန်ပါတ်ကို၊ လျှင်မြန်စွာဘာသ်ရှုစေခြင်းငှါရင်း။ အထူးထူးသောပါဠိအဋ္ဌကထာတို့ဖြင့်၊ကျယ်ဝန်းစွာရေးသားလိုက်ရပေသည်။ ။သတိချပ်-မုသ်ဆိတ်ဟုဆိုရာ၌(မုသ်ဆိတ်ကျင်စွယ်အတူ)ဟု၊ထိုဆရာတို့လည်းဆို၏ငါလည်းဆို၏။ ။အမြွက်ပြက၊ အကျယ်ကိုသိသင့်လှသောကြောင့်၊ဝိတ္ထာရမပြလိုပြီ။ ။ဤကား၊မသာဓရိတလက္ခဏာ-ဟူသောပုဒ်၌၊သိရန်ဆန်းကြယ်အဓိပ္ပာယ်။

---

(၈) ဒါနိ-ဟူသောပုဒ်ကို။ယခုမဆွငြင်းခုံကြသောကာလ၌။ ဤသို့ယောဇနာရာ၌၊ သိရန် ဆန်းကြယ်၊ အဓိပ္ပာယ်ကား။ အရပ်ရပ် ဒေသ၊ အလှူမဏ္ဍပ် ဟူသမျှတို့၌၊ ငြင်းခုံသံစကားကို ကြားသိရသည်မှာ။ ဦးညာဏဝံသ-က၊ မုသ်ဆိတ်ကျင်စွယ်တတ်ရမည်ဆိုရာ။ ရှုဖွယ်သော လက္ခဏာ၌၊ ရှိသင့်ရာ အမွေးများကို၊ အဘယ့်ကြောင့် မဟောကြားပါ သနည်းဟု၊ ရှက်ဖွယ်စကား၊ ကျင်စွယ်နှင့်ရောယှက်၍၊ စောဒက တက်ပုံများသည်၊ သူတော်ကောင်းတို့၏ ဏားနား၌၊ဆန့်ကျင်လေသောကြောင့်၊စောဒကမတက်သင့်ပေ။သို့ရာတွင်၊ပြဆိုခဲ့သောမဏိမဉ္ဇူ။ဝိနယ်းမဟာဝါအဋ္ဌကထာပါဠိတို့ဖြင့်၊ဘုရားကိုယ်တော်

ဖြတ်သည်၊တကိုယ်လုံး၌ပေါက်သမျှအမွေးတို့တွင်၊မုသ်ဆိတ်မွေးနှင့် ကျင်စွယ်မွေးကိုသာ အရေးယူတော်မူသောကြောင့်ငင်း။ရှင်မဟာဗုဒ္ဓဃောသကိုအစဠွား၍၊ ရှေးသူတော်ကောင်းများလည်းဘုရားကိုရှိခိုးပူဇော်ရာ၌[ ပုဏ္ဏိန္ဒုသင်္ကါသမုခံအနေဖံ ]ဤသို့စသည်ဖြင့်၊ရွှေမျက်နှာတော်ကို၊ကောင်းစွာအထူး၊ချီးကျူးပူဇော်ကြလေသောကြောင့်ငင်း၊ယခုကာလ၊ဦးဖြူဦးမည်း၊ကြီးကြီးငယ်ငယ်၊ အသွယ်သွယ်သောဒါယကာ ဒါယိကာမတို့သည်သည်း၊ ရှင်မဟာ ဗုဒ္ဓဃောသခဲ့သို့၊ ရွှေမျက်နှာတော်ကို၊ ကောင်းစွာအထူး၊ ချီးကျူးပူဇော်ကြပေသိမ့်မည်ဟု၊စိတ်အထင်ရောင်မှား၍၊မျက်နှာတော်အမွေးများကို၊ ရေးသားဆုံးဖြတ် လိုက်မိ ပေသည်၊ အလွဲကို ပူဇော် လိုသော၊ ဧဝဒက ဆရာဘို့၏၊ အဒလေ့ဂါသနာကို၊ရှေးဦးစွာကြိုတင်၍သိပါက ( ဥဒ္ဒမဂ်ဝိနိစ္ဆယ )စာတန်းကို မရေးသားဘဲ၊ တခုခုစာတန်းများကိုသာ၊ရေးသားဆုံးဖြတ်သင့်ပါပေသည်။ ။

---

( ၉ ) တနည်းငြင်းခုံသံ စကားကို ကြားသိရသည်မှာ။ ကပ္ပကသဒိသောဟုတွာ၊ ဟူသောပါဠိကို၊ ထိုထိုစာအုပ်တို့၌ တွေ့ရှိရကား။ ဆတ္တာသည်အသွင်ဖြင့်၊ဝိသကြိုနတ်သား၊ ရိတ်ပယ်၍သွားသောကြောင့်၊ ဘုရားသျှင့်မျက်နှာတော်ဝယ်၊ကျင်စွယ်တော်မုသ်ဆိတ်မွေးတို့သည်၊ရေးရေးမျှမရှိဟု၊ သူကိုယ်တိုင် မြင်ရဘိသကဲ့သို့၊ ဘုတ်အုပ်ရှိအမှားကို၊ နာနာကြီး ကိုးကား၍ ပြောကြားငြင်းခုံကြကုန်၏။ ဤသို့ ငြင်းခုံကြသည့်အတိုင်း၊ မုသ်ဆိတ်တော်ကျင်စွယ်တော်ကို၊ ဝိသကြိုနတ်၊ ရိတ်ဖြတ်သုတ်သင်မည်ဝေးလေစွ။သင်တုံးခေါ်ပါလာသည်ဟူ၍မျှ၊ ကြားဘ်းဂန်၌မရှိ။ ထိုဝိသကြို ဆရာတို့ အယူမှာ၊ ဆတ္တာရောင်ဆောင်သာက၊ ရိတ်စရာရှိ၏ဟု၊ မတိမတ္တသာဖြစ်လေသည်။ ကြားဘ်းဂန်၌ကား၊ဝိသကြိုနတ်သားသည်၊ ဆတ္တာသည်အသွင်ပြောင်း၍၊ ဘောင်းတံဆာ ဆင်လာ ကြောင်း ကိုသာ၊ ထိုထို

ကြဏ်းဂန်တို့၌ဆို၏။ ထို့ကြောင့်မဟုတ်လော။ ဇိနာလင်္ကာရ ဋီကာစသည်တို့၌။ ။သက္ကေန ဒေဝါနမိန္ဒေန အာဏတ္တော၊ ဝိသုကမ္မောနာမ ဒေဝပုတ္တော အာဂန္တွာ၊ တဿေဝ ကပ္ပကသဒိသော ဟုတွာ၊ ဒိဗ္ဗေဟိ အလင်္ကာရေဟိ အလင်္ကရိ။ ။ဟူ၍မိန့်အပ်၏။ အနက်ကား။ ။သက္ကေန၊ ဒေဝါနမိန္ဒေန။ သကြားမင်းသည်။ အာဏတ္တော။ စေလွှတ်အပ်သော။ ဝိသုကမ္မောနာမ။ ဝိသကြုံအမည်ရှိသော။ ဒေဝပုတ္တော။ နတ်သားသည်။ အာဂန္တွာ။ လာလပ်၍။ တဿေဝ။ ထိုဘုရားလောင်း၏သာလျှင်၊ ကပ္ပကသဒိသော။ ဆတ္တာသည်နှင့်တူသည်။ ဟုတွာ။ ဖြစ်၍။ ဒိဗ္ဗေဟိ။ နတ်၌ဖြစ်ကုန်သော။ အလင်္ကာရေဟိ။ ဦးဘောင်းတံဆာတို့ဖြင့်။ အလင်္ကရိ။ တံဆာဆင်၏။ ။ဤကားအနက်။ ။အဓိပ္ပာယ်ကား၊ ဝိသကြုံနတ်သားသည်၊ ဆတ္တာရောင်ဆောင်လာ၍၊ နတ်၌ဖြစ်သော ဦးဘောင်းတံဆာတို့ဖြင့်၊ အလောင်း မင်းသားကို၊ တံဆာဆင်လေသည်ဟူလို။ ။ဘုတ်အုပ်စာတို့၌ကား၊ ကပ္ပကသဒိသော - ဟူသောပုဒ်ကို။ ဝါ။ ဘောင်းတော်ပြင် ဆံမှုသ် ဆိတ်တော်ရှင်းနှင့်အလားတူသည်။ ဤသို့၊ ဝါ-သဒ္ဒါဖြင့်၊ လိုရာသို့ဆွဲငင်၍၊ ကြဏ်းဂန်၌မရှိသော။ ပုရိသောဓေတွာ။ သုတ်သင်၍။ ဤခဲ့သို့လက်တန်းပုဒ်များကို၊ ရဲရဲဝံ့ဝံ့ထည့်စွက်ရေးသားခြင်းသည်၊ အံ့ဘွယ်ကြီးတပါး ဖြစ်ပါပေသည်။ ဦးဘောင်းတံဆာဆင်ရင်ပုံကား။ ။ကပ္ပကသဒိသောဟုတွာ။ လ။ မောဠိယံမဏိ ရတနာ ကာရေန၊ ဒုဿ သဟဿံ အဗန္ဓိ၊ ပုနဝေဌေန္တော ဒုဿ သဟဿန္တိ၊ ဒသက္ခတ္တုံ ဝေဌေန္တော ဒသဒုဿသဟဿာနိအဗန္ဓိံသု။ ။ဟူသောဝိသုဒ္ဓဇနဝိလာသနီအဋ္ဌကထာပါဌ်၊ မိန့်ပြုအပ်သည်နှင့်အညီ။ ယခုလောက၌၊ မဇ္ဈိမတိုင်းကြီးသား၊ ချာတြီးကုလားတို့သည်၊ ရှည်လျားသော ဦးဘောင်းကို၊ အထပ်ထပ်ရစ်ပေါင်းသကဲ့သို့။ ချာတြီးဇာတ်၊ အာမျိုးမြတ်လှသော၊ သိဒ္ဓတ္ထမင်းသားမှာလည်း၊ ရှေးဦးစွာပုဆိုးအထည်တထောင်တို့ဖြင့်ပေါင်းရစ်လေ၏၊ ဤအတူ၊ တထောင်

စီ၊ဆယ်ကြိမ်တိုင်တိုင်အထပ်ထပ်ပေါင်းရစ်သဖြင့်၊ အထည်
တသောင်းရှိသောဦးဘောင်းတော်တံဆာသည်။ စကြာမင်းမ
ကိုင်နှံ့ပျားနှင့်၊တပ်ဖွားသောပတ္တမြားခြင်းရာကဲ့သို့၊တင့်တယ်စွာ
တည်ရှိလေ၏။ဤကားဘောင်းတံဆာဆင်ရင်ပုံ။ ။သဗ္ဗပထ
မံတာဝဝေဂါမယံနာမသဗ္ဗမင်္ဂလေသုဝဋ္ဋတိ။ ။ဟူသောတေ
ရသကဏ်ဋီကာနှင့်အညီ၊ နွားချေးသည်၊အလုံးစုံသောမင်္ဂလာ
တို့တွင်၊ စန္ဒကူးနန့်သာတို့မှ၊ ရှေးဦးစွာလိမ်းကျံထိုက်ကြောင်း၊
သို့ဖြစ်၍၊ ပါဠိလိင်္ဂ၊အာဝါသထဂါရနှင့်၊ ဗုဒ္ဓါသန-ဘုရားသျှင်
၏ နေရာကို၊ ရှေးဦးစွာ နွားချေးဖြင့် သရွတ်ကျံပုံ၊ ဤမှတပါး
ဝိနယ်း တော်၌၊ ခံလောက်ကို မြေသရွတ်ကျံပုံ၊ မီးချေးစွန့်ပုံ၊
ဥဿိတ္တစသော သရွတ်ကျံ ကုဋိကို ပညာတ်ခြင်း၊ ကုဋိ၌ ရေ
ပညာတ်ခြင်း၊ နွားချေးမှုဖြင့်ချေးတွန်းခြင်း၊ စသော အမှုအရာ
တို့ကိုဖွားဘိဦး၊ ယွှဦးဘောင်းတော် ပေါင်းပုံကိုကြားသိရသ
ဖြင့်၊ ဘုရားမျိုးကုလကို၊ ကောင်းကောင်းကြီး သဘောဝကြ
သင့်လှလေပြီ။ ။

---

( ၁၀ ) တနည်းပြင်းခံ့သံစကားကိုကြားသိရသည်မှာ၊
ဦးညာဏဝံသ-က၊ မောဠိယာ။မကိုဋ်တော်နှင့်။ သဒ္ဒိံ။တကွ။ဗုဂ္ဂ
ဋံ။ဦးစွန်းကို။ ဤသို့ယောဇနာခြင်းသည်။ ချာကြီးဦးစွန်းကိုထင်
ရှားစေလိုသောကြောင့်ယောဇနာခြင်းဖြစ်သည်၊မသင့်၊ အဘဲ့
ကြောင့်နည်းဟူမူအဖွကထာ၌ပင်။ ။သမ္ပဆန္နတွံအာဘရ
ဏာနိစေဝကဏ္ဍကဥ္စ အာဒါယဂစ္ဆ။ ။သမ္ပဆန္န။ အဆွေ
ဆန္န။ တွံ။ သင်သည်။ အာဘရဏာနိ စေဝ။ ဝတ်ဆင် သော
အာဘရဏာတံဆာတို့ကိုရင်း။ကဏ္ဍကဥ္စ။ကဏ္ဍကမြင်းကိုရင်း။
အာဒါယ။ ယူ၍။ဂစ္ဆ။ ပြန်လေလော။ ။ဤသို့လာရှိရကား။
အာဘရဏ-သဒ္ဒါဖြင့်၊ မကိုဋ်ပါမချန်ဘဲ၊ ယူသွားရံ ပြန်၍ပေး
လိုက်သောကြောင့်။ မောဠိယာ။အနားပတ်လည်ဆံနှင့်။ သဒ္ဒိံ။
တကွ။ဗုဂ္ဂဋံ။ဦးစွန်းကို။ ဤသို့သာယောဇနာသင့်သည်ဟု၊ ပြော

ကြားပြင်းရုံကြကုန်၏။ထိုပုဂ္ဂိုလ်တို့ယူသည့်အတိုင်း၊အာဘာရ
ဏ-သဒ္ဒါဖြင့်၊ မကိုဋ်ကိုထည့်ကဲ့ပါမူ၊ပုဆိုးပါမချန်ဘဲ၊ပြန်ပေး
သည့်အထဲတွင်၊မလွဲပင်ပါဝင်စရာရှိပေသည်။ထို့ကြောင့်၊ပြန်
ပေးသည့်အထဲတွင်၊ သံလျက်လည်းမပါဝင်၊ ပုဆိုးလည်းမပါ
ဝင်၊ မကိုဋ်လည်း မပါဝင်ဟုမှတ်။ သံလျက်နှင့် ပုဆိုး မပါဝင်
ကြောင်းကား၊ ဆံပယ်ခြင်းဒုဿစေတီတည်ထားခြင်း ထင်ရှား
သောကြောင့်သိရ၏။မကိုဋ်မပါဝင်ကြောင်းကိုအဘယ်သိအပ်ပါ
သနည်းဟူမူ။အလောင်းမင်းသားသည်ဦးစွန်းတော်ကိုဖြတ်ပြီး
သည့်နောက်၊ ကောင်းကင်သို့လွှင့်မြှောက်မိဋ္ဌာန်ရာ၌၊မကိုဋ်နှင့်
တကွလွှင့်မြှောက်ခြင်းထင်ရှားလှသောကြောင့်၊ဆန္နအမတ်ကို
ပြန်ပေးရာ မကိုဋ်မပါဝင်ကြောင်းကိုသိအပ်၏။ ထို့ကြောင့်မ
ဟာတ်သော ဝိသုဒ္ဓဇနဝိလာသနီ အဋ္ဌကထာ။ ၁ဝ်း။ ဂေါ်အင်္ဂါ
ဋ္ဌ။ ။ဗောဓိသတ္တောသဟမောဠိယာစူဠံဂဟေတွာ။လ။ အန္တ
လိက္ခေခိပိတံ၊ စူဠာ မဏိဝေဌနံ ယောဇနပ္ပမာဏံ ဌာနံ ဂန္တွာ
အာကာသေအဋ္ဌာသိ။ ။ဟူ၍မိန့်အပ်၏။အနက်ကား။ ။
ဗောဓိသတ္တော။ဘုရားလောင်းသည်။ မောဠိယာ။ မကိုဋ်တော်
နှင့်။သဟ။ တကွ။ စူဠံ။ ဦးစွန်းကို။ ဂဟေတွာ။ ကိုင်၍။ အန္တ
လိက္ခေ။ကောင်းကင်သို့။ ခိပိတံ။ လွှင့်မြှောက်အပ်သော။ စူဠာ
မဏိဝေဌနံ။ ပတ္တမြားဥသျှောင်ထုံး၊ ဦးဘောင်းတော် တံဆာ
သည် (ဝေဌနံတိဒသာပုရေ-ဟူသော ဗုဒ္ဓဝင်စာကိုယ်နှင့်ညီ
စေ။ထုပဝင်၌၊စူဠာမဏိဗန္ဓနံ-ဟူ၏။) ယောဇနပ္ပမာဏံ။တယူ
ဇနာပမာဏရှိသော။ဌာနံ။ အရပ်သို့။ဂန္တွာ။ကြွ၍။အာကာသေ။
ကောင်းကင်၌။အဋ္ဌာသိ။တည်၏။ ။ဤကားအနက်။ ။

ဤပါဌ်တွင်၊ ရှေ့ဝါကျ၌၊ မောဠိ- ဟုပါရှိ၍၊ နောက် ဝါကျ၌၊
ဝေဌန-သဒ္ဒါပါရှိရကား။ မကိုဋ်ဟူသည်၊ ရွှေငွေစိန်ကျောက်
တို့ဖြင့်စီချယ်ပြုလုပ်အပ်သော၊ယခုကာလဘုရင်ဆောင်းမကိုဋ်
မျိုးခဲ့သို့မမှတ်လင့်၊ နတ်ပေါင်း၍ ပေးလိုက်သော၊ အထည်တ
သောင်းဦးဘောင်းတော်ကိုပင်၊ ဦးဘောင်းမကိုဋ်ဟုမှတ်၊ထို့

ကြောင့်၊ မာလာသက်ာရပထမတွဲ၌၊ ဦးဘောင်းမကိုနှိုဟု၊ရေး
သားတော်မူလေသည်။ ။

---

(၁၁) တနည်း ပြင်းခုံသံစကားကို ကြားသိရသည့်မှာ။ ဦးညာဏဝံသ-က။ ဥဒ္ဒဂ္ဂလောမလက္ခဏာဖြင့်၊ ကျင်စွယ်မွေး ဒွှောင်ရမည့်ဟူရာ အမွေးဟူသမျှပင်ဒွှောင်ရမည်မဟုတ်။သင့် လျော်ရာအမွေးသာ ဒွှောင်သင့်ပါသည်၊ မျက်နှာတော်က အ မွေးကိုမဆိုပါ။ အကယ်၍ မုသ်ဆိတ်တော် ဒွှောင်က လည်း၊ ပစပ်ပေါက်ကိုပိန်၍ နေပါလိမ့်မည်။ ကျင်စွယ်တော်ဒွှောင်က လည်း၊နှာသီးပေါက်ကိုပိန်၍နေပါလိမ့်မည်ဟု၊ ပြောကြားပြင်း ခုံကြကုန်၏။ထိုပုဂ္ဂိုလ်တို့၏ယူဆပုံမှာ။ ၁၀-တောင်အရပ်ရှိ သောမြတ်စွာဘုရား၏ ဦးခေါင်းတော်ကို၊ သုခေါင်းလောက် ထင်မှတ်၍၊ ၉-သစ်နှင့်ဟပ်ပုံရပေသည်။ဥဒ္ဒဂ္ဂလောမလက္ခဏာ ကား။ ။ဥဒ္ဒဂ္ဂလောမောတိ၊အာဝဋ္ဋပရိယောသာနေ၊ဥဒ္ဒဂ္ဂါနိ ဟုတွာ မုခ သောဘံ ဩလော ကယ မာနာနိ ဝိယ၊ ဌိတာနိ လောမာနိအဿာတိဥဒ္ဒဂ္ဂလောမော။ ။သုတ်မဟာဝါအဌ ကထာ။ ၁၀း။ ခေအင်္ဂါ။အနက်ကား။ ။ဥဒ္ဒဂ္ဂလောမောတိ။ ဟူသည့်ကား။အာဝဋ္ဋပရိယောသာနေ။လကျာရစ်လည်သည် ၏အဆုံး၌။ ဥဒ္ဒဂ္ဂါနိ။ အထက်သို့အဖျားရှိကုန်သည်။ ဟုတွာ။ ဖြစ်၍။မုခသောဘံ။တင့်တယ်သောမျက်နှာတော်ကို။ ဩလော ကယမာနာနိဝိယ။ ရှုကုန်ဘိသခဲ့သို့။ ဌိတာနိ။ တည်ကုန်သော။ အဿ။ထိုမြတ်စွာဘုရား၏။လောမာနိ။အမွေးတို့သည်။သန္တိ။ ရှိကုန်၏။ဣတိတသ္မာ။ထို့ကြောင့်။ ဥဒ္ဒဂ္ဂလောမော။ဥဒ္ဒဂ္ဂလော မမည်၏။ ။ဤကားအနက်။ ။ဤအဌကထာပါဌ်၌။လော မာနိ-ဟူသောဗဟုဝစနန္တဖြင့်၊ ကေသာမှကြွင်းသမျှ။ အလုံးစုံ သောအမွေးရ၏။မည်သည့်နေရာကအမွေးဟု၊ရွေးနှုတ်တော် မမူ။ မုခသောဘံ- ဟူသောပါဌ်ဖြင့်၊ မျက်နှာတော်ကို ရှုမျှော် သည်ဟူရာ။ ဖမိုးတော်၌ဖင်း။ ရှိဝက်သော ဌာန၌ဖင်း အမွေး

တော်တို့သည်မျက်နှာတော်သို့ရှုမျှော်ရန် မလျှော်ခဲ့ပါသကား ဟူပြောအံ့။ ဤ၌၊ရခသောဘံဟူသောပါဌ်သည်၊ ပဓာနတည်း။ အပဓာနအားဖြင့်၊ ဖမိုးတော်၌ပေါက်သောအမွေးသည်၊ ဇော်ဇယ်လက္ခဏာတော်ကို ရှုမျှော်၍၊ ဤအတူ၊မျက်နှာတော်သို့တိုင်အောင်၊ အာသန္နတရလက္ခဏာတော်ကို ရှုမျှော်သည်ဟု အာစရိယဝါဒ။လောမာနိဟူသောဗဟုဝစနန္တံဖြင့်၊ ရသ်ဆိတ်ကျင်စွယ်ပါသိမ်းယူအပ်သော်၊ ပစပ်-နှာသီးမပိဒ်ရအောင်၊အသို့ဖွောင်ပါသနည်းဟူမူ။ ကိုးပြခဲ့သော အဋ္ဌကထာပါဌ်၌။ ပရိယာသာန- ပုဒ်၊ အဂ္ဂ-ပုဒ်တို့ဖြင့်၊ အရင်းမှစ၍ မဆန့်ရင်ကန်ဖွောင်သည်ကိုမဆို။ အညွန့်အဖျားမျှသာ ဖွောင်ကြောင်းကိုပြဆိုသောကြောင့် [ဥတ္တမဂ်ပိနိစ္ဆယ] စာတန်း၌လည်း။ ထက်ရပ်ဖွောင်မော့၊ဖျားသွယ်ကော့သောကျင်စွယ်မွေးရှိထသော-ဟု၊ အဖျားမျှသာ ဖွောင် ကြောင်းကို၊ ရုပ်ပုံနှင့် တကွ ရေးပြ ခဲ့ပြီ။ လကျာ်ရစ်လည်သည်ဟူရာ၌။ ညာဘက်၊ နှုတ်ခမ်းမွေးကားရှိစေ၊ ဘယ်ဘက်နှုတ်ခမ်းမွေး လကျာ်ဘက်သို့လည်သော်၊ တဘက်သတ်ရွှေတော၊ နေလိန့်မည်မဟုတ် ပါလောဟု ငြင်းခုံကြပြန်၏။ ထိုပုဂ္ဂိုလ်တို့လကျာ်ရစ်လည်ပုံ၊ ညာဏ်ကြီးပုံကိုမပြဆိုလို။ လကျာ်ရစ်လည်သည်ဟူရာ။ အာဝဋ္ဋပရိယာသာနေ-ဟူသောပါဌ်ဖြင့်၊ ကိုယ်ကိုလကျာ်ရစ်လည်သည်ကိုမဆို၊ အမွေး လကျာ်ရစ် လည်လျှက် အဖျား ကော့သည်ကိုသာ ပြဆိုသောစကားဖြစ်သည်။သို့ဖြစ်၍၊ လကျာ်ရစ်ရာ၌၊ထိုပုဂ္ဂိုလ်တို့၊ယူသည့်အတိုင်း၊အမွေးဖီလာမဖြစ်ရအောင်။ ဧကေကလောမလက္ခဏာဖြင့်၊ ပင်ချင်းပေါင်းယှက်၍၊ကြက်ချေးစုမဖြစ်ရအောင် တပင်စီအသီးအသီးယူလေ။ ။သိဟိုဠ်ကျွန်း-မှစ၍၊ ဇမ္ဗူဒိပ်ကျွန်းသာသနာတော်အဆက်ဆက် ရုပ်ပွါးဆင်းထုတော်များမှာ။ရသ်ဆိတ်ကျင်စွယ်ပါသည်ဟု။အနုဿုတ-အဆင့်စကားကိုမျှ၊ မကြားမမြင်ရဟု။ရေးသားဝန်ခံရာ၌လည်း။ ပါဠိအဋ္ဌကထာ-ဋီကာကြွင်းများက၊လာရှိသောရုပ်ပွါးကိုသာ၊ အားကိုး

တချ၊ ခိုင်အမာ ပြုသင့်ပါလျက်၊ ကြွက်းဂန်လွတ်- ရုပ်ပွါးကို၊ အားကိုး၍ရေးသားဝန်ခံခြင်းသည်၊ အရေးမရောက်၊ပမာန-မပြုလောက်သော၊ဝန်ခံခြင်းဖြစ်ပေသည်။ပါဠိပိဋကတ်အရပ်ရပ်၌၊အားကိုးအပ်သောရုပ်ပွါးတော်ကား။ ။သတ္တုနေ့ာပဋိမံ၊ ဃနကောဋ္ဋိမ၊ရတ္တသုဝဏ္ဏမယံ၊ကာရာပေတွာ။လ။တဿဝိသတိနခါ၊အက္ခိနံသေတဌာနာနိစ၊ဓာတိဖလိကမယာနိ။ အင်္ဂုလိယောသုဝဏ္ဏမယာ။ ဟတ္ထ ပါဒတလာနိစ၊ ဒန္တာဝရဏာနိစ၊ အက္ခိနံရတ္တဌာနာနိစ၊ ဓာတိပဝါဠမယာနိ။ ကေသမဿုဘမုကဌာနာနိ၊ဣန္ဒနီလမဏိမယာနိ။ သမစတ္တာလီသဒန္တာ၊ ဝဇိရမဏိမယာအဟေသုံ။ ။နလာဋ ဓာတုဝံသပါဠိ။ ၁ဝ်း။ ပေ-အင်္ဂါ။အနက်ကား။ ။သတ္တုနေ့ာ။ မြတ်စွာဘုရား၏။ ပဋိမံ။ ကိုယ်တော်အစား၊ ရုပ်ပွါး ဆင်းတုတော်ကို။ ဃနကောဋ္ဋိမရတ္တသုဝဏ္ဏမယံ။တခဲနက်ရိုက်အပ်သော၊ နီသောရွှေသားဖြင့်ပြီးသည်ကို။ကာရာပေတွာ။ပြုစေ၍။တဿ။ ထိုဆင်းတုတော်၏။ဝီသတိနခါစ။ ၂ဝ=သောလက်သည်း၊ ခြေသည်းတော်တို့သည်၎င်း။အက္ခိနံ။မျက်လုံးတော်တို့၏။ သေတဌာနာနိစ။ ဖြူသောအရပ်တို့သည်၎င်း။ ဓာတိဖလိကမယာနိ။ ပကတိ-ဖလ်ဖြင့်ပြီးကုန်သည်။ အဟေသုံ။ ဖြစ်ကုန်ပြီ။ အင်္ဂုလိယော။ လက်ခြောင်း ခြေခြောင်းတော် တို့သည်။ သုဝဏ္ဏမယာ။ ရွှေဖြင့်ပြီးကုန်သည်။အဟေသုံ။ပြီ။ဟတ္ထပါဒတလာနိစ။လက်-ခြေအပြင်တို့သည်၎င်း။ ဒန္တာဝရဏာနိစ။ နှုတ်ခမ်းတော် တို့သည်၎င်း။ အက္ခိနံ။မျက်လုံးတော်တို့၏။ရတ္တဌာနာနိစ။ နီသောအရပ်တို့သည်၎င်း။ ဓာတိ ပဝါဠမယာနိ။ ပကတိ- သန္တာဖြင့် ပြီးကုန်သည်၊ အဟေသုံ။ပြီ။ ကေသမဿုဘမုကဌာနာနိ။ ဆံတော်-မုတ်ဆိတ် ကျင်စွယ်တော်-မျက်မှောင်တော် အရပ်တို့သည်။ ဣန္ဒနီလမဏိမယာနိ။ဣန္ဒနီလ-ပတ္တမြားညိုဖြင့်ပြီးကုန်သည်။ အဟေသုံ။ပြီ။ သမစတ္တာလီသဒန္တာ။ အမျှလေးဆယ်သော သွားတော်တို့သည်။ ဝဇိရမဏိမယာ။ ဝဇိရ-ပတ္တမြားဖြင့် ပြီးကုန်

သည်။အပေါ်သုံး။ဖြစ်ကုန်ပြီ။ ။ဤကားအနက်။ ။အဓိပ္ပာယ်
အမြွက်ကား။သိပ်ဟိုင်ဖြစ်ကျွန်း၌၊ ဝိဟာရဒေဝိ၏မောင်တော်၊ ရုဋ္ဌ
ပိဏ္ဍ ပါတိယတိဿ မထေရ်သည်။ ကာကဝဏ္ဏတိဿ-မင်း
ကြီး၏၊အာယုသင်္ခါရကိုမြင်တော်မူသဖြင့်။ မင်းကြီးအား (နု
လာဋခေတ်ကို၊ ကာကဝဏ္ဏတိဿ မင်းသည်၊ စေတီ-တည်
သွန်း)ဟူသောမြတ်စွာဘုရား၏၊ဗျာဒိတ်စကားကို၊ ဟောကြား
တော်မူ၍၊ သဒ္ဓါတရား ကြီးပွါးထက်သန်စေပြီးလျှင်၊ နုလာဋ
ခေတ်စေတီကို၊ တည်စေတော်မူရာ၊ ထိုစေတီဝယ်၊ ရွှေသား
ဖြင့် ပြုလုပ်မှုပနာအပ်သောဆင်းတုတော်ကို စီမံတော်မူရာ၌။
ယခင်ကိုးပြုအပ်သောပါဠိရပ်တွင်[ ကေသမဿုဘမုကဗ္ဗာနာ
နိ၊ ရုဍ္ဍနီလမဏိမယာနိ ] ဟူသောဝါကျစကားရပ်ဖြင့်။ဆင်းတု
တော်၏ မျက်နှာတော်၌၊ မှသ်ဆိတ်တော် ကျင်စွယ်တော်တို့
ကို၊ ရုဍ္ဍနီလ-ပတ္တမြားဖြင့်၊ တပ်မှုးကိုးကွယ်ကြောင်း၊ တိုက်
ရိုက်နိတတ်ပြဆိုအပ်၏။ဤကားအမြွက်၊ ဝဏ္ဏကြောင်းနှင့်တ
ကွ၊အကျယ်သိလိုမူ၊ရန်ကုန်မြို့၊ဘားနာဒ်ပိဋကတ်တိုက်၊ နုလာ
ဋခေတုဝင်မှာရှုလေ။ ။ရုပ်ထုတော်များကို၊ မှသ်ဆိတ်ကျင်
စွယ် တတ်သင့်သည်-ဟူရာ၌၊ယခုကာလ၊ထုလုပ်ကြသောရုပ်
ထု တော်များမှာ။ မျက်ခုံးမွေးကို၊ သဒ္ဓေး မှင်စသည်တို့ဖြင့်၊
သေသေချာချာ တတ်ကြပါလျက်ကနှင့်၊ မှသ်ဆိတ် ကျင်စွယ်
မွေးကို၊အဘယ်ကြောင့် မရေးမတတ်သင့်ဘဲ ရှိတော့မည်နည်း။
ကာကဝဏ္ဏတိဿမင်းကဲ့သို့၊ဆက်ဆက်၊ မှသ်ဆိတ်ကျင်စွယ်
တတ်၍ကိုးကွယ်ကြပါဟူလို။ ။ဤသို့၊နုလာဋခေတုဝင်၌၊ နေလ
အသွင်၊အထင်အရှား၊ ရှိလျက်သားနှင့်၊ ထိုပုဂ္ဂိုလ်တို့-အဆော
တလျှဉ်၊ပြစ်တင်ရေးသားလိုက်ခြင်းသည်။ ရှေးရှေးသော မင်း
ကောင်းမင်းမြတ်တို့သည်။ကြေငြာင်းဂန္ထဝင်မြင်၊အသျှင်မြတ်တို့၏
ထံမှ၊လသဒ္ဓါပသာဒသကို၊ရရှိသည့်အတိုင်း။ ဆင်းတုတော်၏ရွှေ
မျက်နှာတော်၌၊ မှသ်ဆိတ်ကျင်စွယ်တော်တပ်၍၊ ထုလုပ်ကိုး
ကွယ်ကြသည်များကို။ပိဋကတ်တော်တွင်မမြင်မတွေ့၊ သတိ

မေ့၍သာ၊ ပြောဆိုရေးသားခြင်းဖြစ်ပေသည်။ ။အကယ်၍၊ ထိုပုဂ္ဂိုလ်တို့၊ အလိုတော်အတိုင်း၊ ရှေးရှေးသော ရုပ်ပွါးကို၊ အားကိုးရင်းပြုလိုပါမူ၊လွှဲပြီးသော၊အနှစ် (၂၀၀၀) ကျော်ကာလက။ဇမ္ဗူဒီ-ဘူမဏ္ဍလကို၊စိုးရတော်မူဘူးသော၊ အသောကမင်းကြီးသည်၊ ထုလုပ်တည်ထားခဲ့သော၊ မဇ္ဈိမတိုက်ရှိ၊ဒက္ကရစရိယကျင့်ပုံရုပ်ပွားများကို၊သွား၍ပင်မဖူးနိုင်ငြားသော်လည်း အင်္ဂလိပ်အစိုးရမင်းတို့သည်၊ ဓာတ်ပုံကူးနှိပ်၍၊ အရေးပိုင်မင်းရုံးတော်များတွင်၊စာအုပ်နှင့်ထားလေ့ရှိသောကြောင့်။ခွင့်ပံမေးမြန်းဘူးမျှော်ဘူးပါက။ မှသ်ဆိတ်တော် ကျင်စွယ်တော်တို့ကို၊ တပင်စိမြင်ရရုံမျှမက။အရှည်လက်သစ်ပမာဏဆံတော်နှင့်တူမျှပုံ။ရုပ်ထုတော်၏ လက်သစ်နှင့်၊ ၂-သစ်ကို တွေ့မြင်ရသဖြင့်။ ၁၈-တောင် အရပ်ရှိသော မြတ်စွာဘုရား၏ ၂-သစ်၊ မုံရွေးဆရာတော်ဆုံးဖြတ်သည်အတိုင်း၊ ငါတို့လက်သစ်နှင့် ၉ သစ်ရှိပုံ။ ကေတုမာလာ-ရှုဋ္ဌာ- နားရွက်များကိုလည်း [ဥတ္တမဂ်ဝိနိစ္ဆယ]စာတန်း၌၊ဆိုခဲ့သည့်အတိုင်း၊ ဆင်ခြင်စင်းစားမိပါလိန့်မည်။ ။ငြင်းခုံသံစကားကို၊ကြားသိတိုင်းလိုက်၍ ရေးသဖြင့် ကျေးဇူးမရှိ။ ။ဤကား၊ ဒါနိဟူသောပုဒ်၌ သိရန်ဆန်းကြယ်အဓိပ္ပာယ်။ ။

---

☞ (၁၂) အဿု-ဟူသောပုဒ်ကို။ ဆဲသံမပါ၊ မှန်စွာစင်စစ်။ဤသို့ယောဇနာရာ၌၊သိရန်ဆန်းကြယ်အဓိပ္ပာယ်ကား။ ဤစာအုပ်ကိုရေးသားစီရင်သောငါသည်။ အနုတ္တရံမေစရတိ-အစရှိသော၊၁၈-ပါးရန်ငြိုးအာဃာတ။ ဇာတိနာမ-အစရှိသော၊ ဆယ်ပါးသောအက္ကောသဝတ္ထု၊ဖရုသဝါစာ၊ ထိုအင်္ဂါတို့မှ၊ စင်ကွာကင်းပစေလျက်။ဗုဒ္ဓဘာသာ၊သာသနာကို၊ လွန်စွာနှစ်လို၊ ကြည်ညိုကိုးစား၊ အားထားမှီခိုလေ့ရှိကြကုန်သော၊ ကုလပုတ္တ-အမျိုးကောင်းသားတို့သည်။သက်တော်ထင်လျှား၊ သျှင်တော်မြတ်ဘုရားကို၊ဘွားဘွားဒိဋ္ဌ၊မမြင်ရသော်လည်း၊ မြင်ရသလို၊

ကြည်ညို ဝမ်းသာ၊ သဒ္ဓါကွန့်မြူး၊ အထူးပီတိ၊ ရှိကြပါစေ-ဟူသောမေတ္တာရေချမ်းဖြင့်၊ ပက်ဖျန်းေးကြည်စေလျှက်၊ ရှည်စွာသောအမွှံကာလမှစ၍၊ ယွှုတိုင်ရောက်၊ ပျောက်နစ် မြုပ်တိမ်သော၊ ဘုရားသျှင့်ဓမ္မခန္ဓါ၊ သာသနာကို၊ အဖြာဖြာသောပါဠိအဋ္ဌကထာ၊ ဋီကာမကြွင်း၊ တူးရှင်း ကလအောဝ်တို့ဖြင့်၊ ထုပ်ဘောဝ်မနှေး၊ရေးသားစီရင်ခြင်းသာဖြစ်ပေသည်။ ။ဤကား၊ အသျှ-ဟူသောပုဒ်၌၊သိရန်ဆန်းကြယ်အဓိပ္ပာယ်။ ။

---

(၁၃) လိက္ခိသံ-ဟူသောပုဒ်ကို။သာဓကပါဠိ၊အရပ်ရပ်ဖြင့်၊ မှတ်လောက်စရာ၊ ရေးပြပါအံ့။ ဤသို့ယောဇနာရာ၌၊ သိရန်ဆန်းကြယ်အဓိပ္ပာယ်ကား။ဤစာအုပ်ကို ရေးသားစီရင်သောငါသည်၊ရာဇဝင်ကဗျာ၊မခိုင်မာသော၊စာနာ-စာစုတ်တို့မှထုပ်နုတ်ရေးသားသည်မဟုတ်။ရူဋ္ဌဝါပါဠိတော်(၁)ငင်းအဋ္ဌကထာ (၂) ဝိနယ်းမဟာဝါအဋ္ဌကထာ (၃) သာရတ္ထဒီပဏီဋီကာ(၄)ဝိမတိဋီကာ(၅)ဖိနာလင်္ကာရဋီကာ (၆) အပဒါန်အဋ္ဌကထာ(၇)ဗုဒ္ဓဝင်အဋ္ဌကထာ(၈)ဒီပဝင်ပါဠိ (၉) သုတ်မဟာဝါပါဠိတော်(၁၀) ၎င်းအဋ္ဌကထာ (၁၁) သီလက္ခံအဋ္ဌကထာ(၁၂)သာရတ္ထသင်္ဂဟ(၁၃)မဏိမဥ္ဇူ(၁၄)အဋ္ဌသာလိနီ(၁၅)ဝိနယာလင်္ကာရဋီကာ(၁၆)ဥပရိပဏ္ဏာသအဋ္ဌကထာ(၁၇) အဘိဓာန်ပါဠိ(၁၈)၎င်းဋီကာ(၁၉)နလာဋဓာတုဝံသ (၂၀) အစရှိသော ထိုထိုကြဏ်းကြီး ကြဏ်းခိုင် တို့မှ၊ နိတတ္ထ စကား။ကမ္ဘာတွင်နေအလားခဲ့သို့၊ထင်ရှားသောပုဒ်ပဒတို့ကိုသာထုပ်ပြရေးသားခြင်း။၎င်းပြင်၊အနက်မြန်မာ၊ ယောဇနာသောအခါ၌လည်း၊လိုရာစကား၊အဓိပ္ပာယ်သွားအောင်၊တပါးပုဒ်ပါဠိ၊မညှပ်မကျ၊ စင်ပြုသန့်ရှင်း၊ ပါဠိလျှောက်ကျင်း၍သာ၊ ရေးသားခြင်းဖြစ်ပေသည်။ အဓိပ္ပာယ်မပြန်၊ ချွင်းချန်လှပ် ဌှားခဲ့သော ( မသျှဒုမ္ဗိညှန်အဂူ ) ဟူသော၊ စတုတ္ထပဒဖြင့်၊ သတိတရား ပေးပါဗြားသောဝ်လည်း။ပါဠိအဋ္ဌကထာဋီကာကြဏ်းဂန်တို့ကိုဟုတ်

မှန်သည့်အတိုင်းမနာခံ၊တုန့်ပြန်ရေးသားလိုသောရဟန်းရှင်လူတို့မှာ။ ပါဠိကိုဖျက်ဖျက်၊ အနက် ဉာဏ်ပြေး၊ ထင်သလို ရေးသော်လည်း၊အလေးပြုတော့မည်မဟုတ်။ သို့ရာတွင်။ ဒုစရိုက်ဆယ်ပါး၌၊ ဆဋ္ဌမ-အဗြဟ္မစာ- အဓမ္မကို၊ ဘုရားကလည်းမကြိုက်၊ ရာဇသတ်(၂၉၄)ပုဒ်မကို၊ အစိုးရမင်းတို့ကလည်းမကြိုက်၊ဓမ္မလောက-ပြစ်နှစ်ဝကို၊လူလူကြီးနှစ်လုံးမိုက်၍၊ သဒ္ဒါစရိုက်ကောင်းကောင်းနှင့်၊ ဒေသနာလမ်းကြောင်းတွင်၊ ဉာဏ်မြင်းကောင်းနှင်ရန်ကိုလည်း၊သတိပေးစကား၊ရေးသားသိစေလိုက်ပါသည် ( မသုဒ္ဓိဒ္ဓုန်အဂ္ဂ ) ဟူသောစတုတ္ထပဒကို၊ မိဗ္ဗာယ်မပြန်ချင်းချန်လှပ်ဌားပြားသော်လည်း၊ ရေးရန်အခွင့်၊ အခါသင့်မှ၊ဆက်ရန်ရှိသေးသည်။ ။ဤကား၊လိင်္ဂတ္ထသံ-ဟူသောပုဒ်၌၊သိရန်ဆန်းကြယ်အဓိပ္ပာယ်။ ။

---

ဆုတောင်း

“ ဣတောနုပုညကမ္မေန၊ သိဿံပပ္ပေါမျှနာလယံ

အပတ္တံယာဝနိဗ္ဗာနံ၊ သုဒါဠိကောဘာဂါမျဟံ ”

ပြီး၏။

---

| မျက်နှာနံပါတ်။ | | ကြောင်းရေ။ | | မှား။ | မှန်။ |
| --- | --- | --- | --- | --- | --- |
| ၁ | ... | ၁၇ | ... | အာမသာ | မာအာသာ |
| ၇ | ... | ၁၁ | ... | ပုထုဇ္ဇာန် | ပုထုဇ္ဇန် |

ဦးညာဏဝံသ

ညောင်ချောင်း

မြို့။

JC